
စိတ်ကူးချိုချိုအနုပညာ

# ပါရဂူ
# ဂါမဏိ



ပြန်လည်ရိုက်နှိပ်ခြင်း



PYG0020

2,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
၂၀၁၅၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၉၇ ရဲရဲလွင်စာပေ၏ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

ဂါမဏီ
ပါရဂူ - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊
စာမျက်နှာ ၁၇၀ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂါမဏိ

ပါရဂူ

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဂါမဏိ အကြောင်း

နှစ်များမကြာမီက အရှေ့နိုင်ငံများထဲက ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံသို့ ကျွန်ုပ် ရောက်ရှိသွားပြီး ဗုဒ္ဓဘာသာ ရဟန်းတော် မဟာထေရ်တစ်ပါးနှင့် တွေ့သည်။ ထိုမဟာထေရ်သည် အကြားအမြင်ရသူဖြစ်ပြီး တချို့အချိန်များ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတိတ်က ဘဝပေါင်းများစွာကို ပြန်မြင်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ ထိုမဟာထေရ်ပြောပြသော ယင်းကဲ့သို့သော အဖြစ်အပျက်တစ်ခုသည် ကျွန်ုပ်အား အတွေးနယ်ချဲ့စေခဲ့သည်။ ယခု ဝတ္ထုပါအကြောင်းအရာသည် ကျွန်ုပ်၏စိတ်နှလုံးထဲတွင် စတင်ပေါ်ပေါက်လာရုံမျှသာမကဘဲ ကျွန်ုပ်၏ အမှတ်သညာထဲတွင် အမြဲမပြတ် တဝဲလည်လည်ဖြစ်နေသည်။

ဗုဒ္ဓဘာသာဦးတည်ချက်ရှိသည့် ဤဝတ္ထုပါ အကြောင်းအရာသည် ကျွန်ုပ်အား ယခုကဲ့သို့ အဘယ့်ကြောင့် ဤမျှ အရှိန်အဟုန်ကြီးမားစွာဖြင့် လှုံ့ဆော်မှု ပြုနေသနည်း။ ယင်းကဲ့သို့ ကျွန်ုပ်၏ ဦးနှောက်ထဲတွင် စွဲလမ်းနေရခြင်း၌ ထူးခြားသောအကြောင်း တစ်ရပ်ရှိနေသည်။ အချို့ ပုဂ္ဂိုလ်များမှာ အဘယ့်ကြောင့် ကျေနပ်ရောင့်ရဲမှု ရှိနေကြပြီး အချို့ပုဂ္ဂိုလ်များမှာ အဘယ့်ကြောင့် ကျေနပ်ရောင့်ရဲမှု မရှိဖြစ်နေကြသနည်းဆိုသည်ကို ကျွန်ုပ်သည် ကလေးသူငယ်ဘဝကပင် စတင်၍ သိလိုသည့်ဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ တစ်စုံတစ်ယောက်သောသူတွင် ခင်မင်စရာအချက်များ ဖြစ်ပေါ်နေပြီး အခြားသူတစ်ဦးတစ်ယောက်၌ မုန်းစရာအကွက်များ ဖြစ်ပေါ်နေခြင်းမှာ ယခင်ဘဝ

mgyoe.com

mgyoe.com


က စရိုက်နှင့် ပတ်သက်ဆက်နွယ်နေသလော။

ဇနီးမောင်နှံနှစ်ယောက် လက်မထပ်ခင် သတို့သားနှင့် သတို့သမီးတို့၏ဇာတာကို စစ်ဆေးတိုက်ဆိုင်ကြည့်သည့်အလေ့အထသည် သီရိလင်္ကာနိုင်ငံ၌သာမက အခြားအရှေ့တိုင်း တိုင်းနိုင်ငံအများအပြားတွင်လည်းရှိသည်။ ဂြိုဟ်နက္ခတ်နှင့်ပတ်သက်သော ဇာတာနှစ်ခုကို ယင်းသို့ အသေးစိတ် ညှိကြည့်ခြင်းသည် ဇနီးမောင်နှံနှစ်ဦး၏ အိမ်ထောင်ရေးဘဝ သာယာမှုဖြစ်မည်၊ မဖြစ်မည်ဆိုသည်ကို အတပ်သိကောင်း သိစေနိုင်လိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့သည်။

'ဂိုလုမုဟုဒ'(တုဏှိဘော ပင်လယ် သို့မဟုတ် အိန္ဒိယပင်လယ်) အမည်ရှိ ဤဝတ္ထု၏ အဓိက ဦးတည်ချက်မှာ မိသားစုနှစ်ခုနှင့် ပတ်သက်နေသည်။ အတိတ်ဘဝအဖြစ်အပျက်များကို ပြန်ပြောင်းသိမြင်နိုင်စွမ်းရှိသော ယခုခေတ်ရသေ့ ရဟန်းပုဂ္ဂိုလ်တစ်ပါးပါးကို မသိသောကြောင့် ရှေးဟောင်းရောဟနပြည်၏ ကာကဝဏ္ဏတိဿနှင့် ဒုဋ္ဌဂါမဏိကို ဤဝတ္ထု၏ ကျောရိုးအဖြစ် ကျွန်ုပ်ရွေးချယ်လိုက်ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသား သူရဲကောင်းကြီး၏ အမည်နာမကို 'ဒါကုဂါမုန'(နှောင်တော်ဂါမုန) ဟူသောအမည်နာမထက် သူ၏စရိုက်နှင့် လျော်ညီသည့် 'ခေါင်းမာသော ဂါမုန ဟု အနက်အဓိပ္ပာယ်ရသော အမည်နာမ(ဒုဋ္ဌဂါမဏိ)ကို ကျွန်ုပ် ပို၍ နှစ်သက်သဘောကျသည်။

ဤဝတ္ထုစာအုပ်၌ ကာကဝဏ္ဏတိဿ၊ ဝိဟာရ မဟာဒေဝီ၊ ဒုဋ္ဌဂါမဏိ၊ တိဿ၊ သူရနိမလ၊ ထေရပုတ္တာဘယကဲ့သို့သော ကျွန်ုပ်တို့၏ ရှေးဟောင်းသမိုင်းဝင် သူရဲကောင်း ပုဂ္ဂိုလ်ကြီးများ၏ စရိုက်ကို ပြန်လည်ဖော်ထုတ်ထားသည်။

ကျူးကျော် ဝင်ရောက်တိုက်ခိုက်သူ ဧဠာရ၏ လက်ထဲက မိမိတို့၏ အမိတိုင်းပြည်ကို ပြန်လည် ရယူရန်နှင့် သီရိလင်္ကာနိုင်ငံကို စည်းလုံးညီညွတ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်ရန် ထိုသူရဲကောင်း ပုဂ္ဂိုလ်၏ အမြော်အမြင်ကြီးမားပြီး မျိုးချစ်စိတ်အပြည့်ရှိသည့် တွန်းလှန်တိုက်ခိုက်မှုများသည် ဤ 'ဂိုလု မုဟုဒ' ဝတ္ထု၏ နောက်ခံကျောရိုးဖြစ်သည်။

သီရိလင်္ကာသမိုင်း၏ ရှေးခေတ်အခါကာလက ယက္ခ၊ ရက္ခသ

mgyoe.com

mgyoe.com


နာဂ၊ အသုရတည်းဟူသော လူမျိုးလေးမျိုးတို့သည် သီရိလင်္ကာ၌ နေထိုင်ကြသည်။ သီရိလင်္ကာနိုင်ငံ၏ မြောက်ပိုင်းနှင့် အနောက်ပိုင်း၌ အဓိက အားဖြင့် နာဂလူမျိုးများနေထိုင်ကြသည်။ အသုရလူမျိုးများက တောင်ပိုင်း ဒေသ၌ နေကြပြီး ရက္ခသလူမျိုးများက အလယ်ပိုင်းတောင်တန်းဒေသ၌ နေထိုင်ကြသည်။ ထိုလူမျိုး လေးမျိုးတို့နေထိုင်ကြသော သီရိလင်္ကာသည် ထိုအချိန်က သိဝဟေလဟု အမည်တွင်သည်။ အချိန်ကြာမြင့်လာသော အခါ သိဝဟေလမှ သီဟဠဖြစ်လာသည်။ ထို့နောက် တစ်ဖန်သီဟဠမှ သိန်ဟဠ ဖြစ်လာပြန်သည်။

လူမျိုးလေးမျိုးတို့ နေထိုင်ကြသော သိဝဟေလကို တစ်ခုတည်း သော ဘာသာစကားဖြစ်သည့် သိန်ဟဠ ဘာသာစကားဖြင့် လည်းကောင်း၊ တစ်ခုတည်းသော ဘာသာတရားဖြစ်သည့် ဗုဒ္ဓဘာသာဖြင့်လည်းကောင်း၊ စည်းနှောင်ထားသည်။ ဗုဒ္ဓဘာသာသည် ကျူးကျော်သူများအား တိုက် ထုတ်ပြီး နိုင်ငံကို စည်းလုံးညီညွတ်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက် ရာ၌ အဓိကစွမ်းအား ဖြစ်လာခဲ့လေသည်။ အမှန်စင်စစ်မှာ ဒုဋ္ဌ ဂါမဏိ– ဧဠာရစစ်ပွဲသည် သိန်ဟဠလူမျိုးနှင့် ဒရာဗေဒီယန်လူမျိုးတို့အကြား ဖြစ်ပွား သော လူမျိုးရေးစစ်ပွဲမဟုတ်ပေ။ ဗုဒ္ဓဘာသာနှောင်ကြိုးဖြင့် တစ်ခုတည်းဖြစ် အောင် စည်းနှောင်ထားသော သိန်ဟဠလူမျိုးများက ကျူးကျော်သူ စောလ လူမျိုးများနှင့် ပြည်တွင်းသစ္စာဖောက်လူနည်းစုတို့အား တိုက်ခိုက်သော စစ်ပွဲဖြစ်သည်။

လူ့ဘဝနှင့် လူ့အဖွဲ့အစည်း၏ ရှုပ်ထွေးပွေလိမ်နေသော ပြဿနာ များကို စာဖတ်သူများ ထိုးထွင်းသိမြင်စေရန်အတွက် ဤ 'ဂိုလုမုဟုဒ' ဝတ္ထုကို ကျွန်ုပ်ကြိုးစားရေးထားသည်။ ကျွန်ုပ်သည် ဤဝတ္ထုကို တစ်ကြိမ်နှစ်ကြိမ် မက၊ ခုနစ်ကြိမ် ရှစ်ကြိမ် ပြန်ရေးသည်။ အကယ်၍ ကျွန်ုပ်၏ ကြိုးပမ်းချက် သည် စာဖတ်သူများ ဘဝ၏အမှန်တရားကို သိမြင်နားလည်ပြီး တစ်ဦးနှင့် တစ်ဦး ပဋိပက္ခစိတ်၊ လူမျိုးရေးစိတ်လျော့ပါးသွားမည်ဆိုလျှင် ကျွန်ုပ် ပင်ပန်း ရကျိုးနပ်ပြီဟု အောက်မေ့ရသည်။

အထက်ဖော်ပြပါ စကားသည် မူရင်းသိန်ဟဠ ဝတ္ထု 'ဂိုလုမုဟုဒ' ၌ ပါရှိသော ဝတ္ထုရေးဆရာ၏ အမှာစကားဖြစ်သည်။ ထိုဝတ္ထုနှင့် ပတ်

mgyoe.com

mgyoe.com



သက်၍ ပါမောက္ခ နန္ဒဒေဝ ဝိဇီဆေကရက ဤသို့မှတ်ချက်ရေးထားသည်။

ကျွန်ုပ်သည် မူရင်း သိန်ဟဠ (သီရိလင်္ကာ) ဘာသာဖြင့် ရေးထားသော 'ဂိုလုမုဟုဒ' (အိန္ဒိယပင်လယ်) အမည်ရှိ ဝတ္ထုလက်ရေးမူကို အသေအချာ ဖတ်ကြည့်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၁၀၀ ခန့်က တိုးတက်စည်ပင်ခဲ့သော ရောဟနတိုင်းပြည်သည် စိတ်နှလုံး မျက်စိထဲတွင် ပေါ်လာသည်။ ထိုခေတ်က မိန်းမ၊ ယောကျ်ားများ၏ စရိုက်ကို ကွက်ကွက်ကွင်းကွင်းမြင်လာသည်။ မျိုးချစ်စိတ် ထက်သန်ပြင်းပြသော အသက် ၁၆ နှစ်အရွယ် ဘုရင့်သားတော် ဂါမဏိသည်လည်းကောင်း၊ သိန်ဟဠ (သီရိလင်္ကာ) သမိုင်း၏ သူရဲကောင်းအမျိုးသမီးကြီး ဝိဟာရဒေဝီသည်လည်းကောင်း၊ အမြော်အမြင်ကြီးမားသော ဘုရင်ကာကဝဏ္ဏတိဿသည်လည်းကောင်း၊ သူတော်စင် ရဟန်းပုဂ္ဂိုလ်များသည်လည်းကောင်း၊ ကျွန်ုပ်၏ ရှေ့မှောက်၌ တစ်ဖန် အသက်ပြန်ရှင်လာသကဲ့သို့ပင် ထင်ရသည်။

'ပုန်ဇာတိ' လူဝင်စားဘဝဦးတည်ချက်ကို ထိထိမိမိ နမူနာအဖြစ် ဖော်ပြထားသောအဖြစ်အပျက်သည် ဤဝတ္ထု၏ ကျောရိုးဖြစ်သည်။ ယင်းဦးတည်ချက်သည် အနောက်တိုင်းစာဖတ် ပရိသတ်အတွက် ထူးထူးခြားခြား စိတ်ပါဝင်စားစရာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ ဤဝတ္ထု၌ ဖော်ပြထားသော ဒဿနအတွေးအခေါ်များသည် ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဟုလည်း မျှော်လင့်ရပေသည်..."

အထက်ပါ ရေးသားချက်များမှာ ဆာရ်ပရေမာဒသ သီရိလင်္ကာ ဘာသာဖြင့်ရေးသော သိန်ဟဠ ဘာသာမူရင်း 'ဂိုလုမုဟုဒ' ဝတ္ထုနှင့် ပတ်သက်သော ဝတ္ထုရေးဆရာ၏ အမှာစကားနှင့် ပါမောက္ခ နန္ဒဒေဝ၏ 'ထင်မြင်ချက်' ဖြစ်ပေသည်။ သိန်ဟဠ ဘာသာမူရင်း 'ဂိုလုမုဟုဒ' ဝတ္ထုကို နိုလ်ဆရီမိ ဂျေဆိန်က 'The Silent Sea' အမည်ဖြင့် အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည်။ ကျွန်တော်က ဂါမဏိအမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် မြန်မာစာဖတ်ပရိသတ်အတွက် မြန်မာဘာသာပြန်ဆိုထားပါသည်။

ပါရဂူ

၂၁၊ ၈၊ ၉၆

❑

mgyoe.com

mgyoe.com

# အခန်း (၁)

ကျောင်းသခ်မ်းတွင် ပေါက်နေကြသော သစ်ပင်ကြီးများသည် ခေမာအား စိတ္တလပဗ္ဗတ တောင်ပေါ်က စေတီကို လှမ်းမဖူးနိုင်အောင် ကာဆီးထားကြသည်။ ခေမာသည် နောက်ကလိုက်လာသောလှည်းကို လှမ်းကြည့်လိုက်သည်။ ထိုလှည်းပေါ်၌ သဃ်ဒတ္တနှင့် သုမေဓာတို့ ပါလာကြသည်။ သဃ်ဒတ္တနှင့် သုမေဓာတို့၏ အာရုံသည် နောက်ဘက်ကျန်ခဲ့သည့် လမ်းပေါ်ရောက်နေကြဟန်တူသည်။ ခေမာသည် သဃ်ဒတ္တနှင့် သုမေဓာတို့ လှမ်းကြည့်နေကြသော အရာဝတ္ထုကို မမြင်ရပေ။ သဃ်ဒတ္တနှင့် သုမေဓာတို့ စီးလာသောလှည်းက လမ်းကို လှမ်းမမြင်ရအောင် ကာထားသောကြောင့်ဖြစ်သည်။

တစ်မျှော်တစ်ခေါ်ကြီး ပြန့်ပြူးတည်ရှိနေသော စပါးခင်းများသည်လည်းကောင်း၊ လေအလာတွင် ယိမ်းနွဲ့လှုပ်ရှားနေကြသော သစ်ရွက်စိမ်းများသည်လည်းကောင်း၊ လမ်း၏တစ်ဖက်၌ ရှိနေကြသည်။ စပါးခင်းကြီးကိုဖြတ်လျက် ခရီးအလှမ်းဝေးသောနေရာ၌ အာကာသစေတီကြီးသည် အာကာသကောင်းကင်ပြင်အထိ ထိုးတက်တည်ရှိနေသည်။

တစ်ခဏမျှကြာသောအခါ တစ်လမ်းလုံးကို ဖုန်မှုန့်များ ထစေ

mgyoe.com

mgyoe.com

ပြီးလျှင် အသော့နှင်လာသော မြင်းစီးသူရဲကောင်းသည် နွားလှည်းနှစ်စီးကို မီလာသည်ဖြစ်၍ သူတို့စီးလာသောမြင်းများကို ဇက်သတ်ပြီးလျှင် အရှိန်အဟုန် လျှော့ပစ်လိုက်ကြသည်။

ခေမာသည် လှည်းထဲရောက်လာသော ဖုန်မှုန့်များ ပါးစပ်ထဲဝင်လာသဖြင့် ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။ သူ၏ အိမ်စေ မိန်းကလေးကလည်း ချောင်းဆိုးသည်။ အိမ်စေမိန်းကလေး ချောင်းဆိုးခြင်းမှာ ဖုန်မှုန့်များ ဒုက္ခပေးသောကြောင့် ဆိုးခြင်းမဟုတ်ဘဲ သူ့သခင်မ လုပ်သည့်အတိုင်း ရောယောင် အတုလိုက်လုပ်လိုသောကြောင့် မဆိုးချင် ဆိုးချင်နှင့် တမင်တကာ ချောင်းဆိုးပြနေခြင်းဖြစ်သည်။

လှည်းမောင်းသမားသည် မြင်းနှစ်ကောင် ဣန္ဒြေရရ ပုံမှန်ခြေလှမ်းလှမ်းနေပုံကို စိတ်ဝင်စားနေပုံရသည်။ သီရိနာဂနှင့် ခေမာတို့သည် မြင်းချောနှစ်ကောင်ဆီ အာရုံရောက်နေကြသည်။ ကလေးမလေးအရွယ်မျှသာ ရှိသေးသော အိမ်စေကမူ မြင်းနှစ်ကောင် အမြီးနှင့် လမ်းပေါ်တွင် တစ်လုံးပြီးတစ်လုံးကျလာသော မြင်းချေးတုံးများကို ပိုပြီးစိတ်ဝင်စားနေသည်။ မြင်းနှစ်ကောင်သည် ခွာကို မှန်မှန်ချပြီး ခြေလှမ်းလှမ်းနေကြသည်။ အမြီးမှာမူ ဝေ့ဝိုက်ပြီး လှုပ်ယမ်းနေသည်။

ရှေ့က မြင်းစီးသူရဲသည် မျိုးကြီးဆွေကြီးထဲက ဖြစ်ပုံရသည်။ သို့သော်လည်း အသက်အရွယ်ငယ်ငယ်ကလေးပင် ရှိသေးသည်။ ဒုတိယမြင်းပေါ်က လူမှာမူ သန်မာထွားကျိုင်းသော လူရွယ်တစ်ယောက် ဖြစ်သည်။ သူ၏ခါးတွင် ချိတ်ဆွဲထားသော ဓားရှည်သည် မြင်းခွာ၏ စည်းချက်အတိုင်း ယိမ်းထိုးလှုပ်ရှားနေသည်။

သဃ်ဒတ္တက ရှေ့က လှည်းကို လှမ်းပြီး အရိပ်အမြွက်ပြလိုက်သည်။ သီရိနာဂ လှည့်ကြည့်သောအခါ ခပ်တိုးတိုး ပြောလိုက်သည်။

၈ "သားတော် ဂါမဏိ"

လေသံနှင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း သီရိနာဂသည် သူ့မိတ်ဆွေ၏ နှုတ်ခမ်းကိုအကဲခတ်လျက် အဓိပ္ပာယ် သိရှိနားလည်သွားသည်။ ခေမာက မရိပ်မိပေ။ သို့ရာတွင် သူ့ယောကျ်ားပြောပြချက်အရ ရှေ့က မြင်းစီးလာသူမှာ သားတော် ဂါမဏိဖြစ်သည်ဆိုသည်ကို သိရှိသွားသည်ဖြစ်၍
mgyoe.com

mgyoe.com
ဝမ်းသာအားရ ဖြစ်သွားသည်။ သူ၏ ပီတိသောမနဿသည် ဝမ်းသာလုံးဆို့မတတ် အခြေအနေဖြစ်သွားပြီးလျှင် ရင်ခုန်သံလည်း မြန်လာသည်။ သားတော် နောက်ဘက်ပြန်လှည့်ကြည့်ပါစေဟု ခေမာ ဆုတောင်းနေသည်။ ခေမာ၏ ဆုတောင်းကို ရိပ်မိသွားသလားမသိ၊ သားတော်သည် နောက်ဘက်ပြန်လှည့်ကြည့်လိုက်သည်။

လှည်းနှစ်စီးလုံး၏ ရှေ့၌ ပန်းများထိုးစိုက်ထားသည်ကို တွေ့ရသည်ဖြစ်၍ လှည်းပေါ်က လူများမှာ ဘုရားဖူးခရီးသည်များဖြစ်ကြောင်း သားတော် သိရှိသွားသည်။ ပျိုပျိုရွယ်ရွယ် လင်မယားနှစ်ယောက် မိမိကို တလေးတစားကြည့်နေသည်ကိုလည်း သားတော် တွေ့မြင်သွားသည်။ သားတော်၏ နှုတ်ခမ်းတွင် အပြုံးပေါ်လာသည်။

"သားတော်ကို မြင်ဖူးတာ နှစ်ကြိမ်ရှိသွားပြီ။ အခုအကြိမ်ဟာ ဒုတိယအကြိမ်ဖြစ်တယ်" ခေမာက ပြောလိုက်သည်။ "သားတော်က အခုတော့ လူပျိုဖြစ်နေပြီ။ ကျွန်မ သတိရနေတုန်းပဲရှိသေးတယ်။ တိဿစေတီထီးတင်ပွဲတုန်းက ဝိဟာရ မဟာဒေဝီမိဖုရားကြီး သားတော်နှစ်ပါးကို လက်တစ်ဖက်စီဆွဲပြီး လာကြည့်တယ်"

"ခြောက်နှစ်တောင် ကြာသွားပြီပဲ။ အဲဒီတုန်းက မင်းက ဘယ်ကို ရောက်သွားတာလဲ"

"အဲဒီအချိန်တုန်းက ကျွန်မ အပျိုဖြစ်နေပြီ။ အဖေက ကျွန်မကို ခေါ်သွားတယ်"

"ဟုတ်လား ခေမာ၊ အဲဒီတုန်းကနှင့် အခု မင်း ဘယ်လိုပြောင်းလဲမှု ရှိလာသလဲ" သီရိနာဂက စလိုက်သည်။

ခေမာသည် မည်သို့မှ ပြန်မပြောပေ။

လွန်ခဲ့သည့် လေးနှစ်ခန့်က ကွယ်လွန်သွားသော သူ၏ ဖခင်ကို သတိရလာသည်ဖြစ်၍ ခေမာ စိတ်မကောင်းဖြစ်သွားသည်။ သူ၏ ဖခင်သည် လှည်းနှင့် ခရီးသွားနေစဉ် ဓားပြအတိုက်ခံရသည့်အတွက် ဓားပြများ၏ လက်ချက်နှင့် ကြေကွဲဖွယ် သေဆုံးသွားရပြီး သုံးရက်ကြာမှာ ပုပ်ပွနေသော ရုပ်အလောင်းကို မင်းချင်း ယောကျ်ားသုံးယောက်က အိမ်ပို့ပေးကြသည်။ အလောင်းကို ကြီးမှူး မီးသင်္ဂြိုဟ်သူမှာ သဃ်ဒတ္တ၏ ဖခင်

mgyoe.com

mgyoe.com

ဖြစ်ပြီး နောက်ပိုင်းတွင် မင်းချင်းယောကျ်ားများက ဘုရင့်အမိန့်နှင့် ဓားပြများကို ရှာဖွေဖမ်းဆီးပြီး သုတ်သင်ပစ်လိုက်ကြသည်။ သီရိနာဂနှင့် သဃ်ဒတ္တတို့သည် ထိုအချိန်မှစ၍ နန္ဒိဂါမရှိ သူတို့၏ဆရာအိမ်တွင် မိတ်ဆွေသူငယ်ချင်း ဖြစ်လာကြသည်။။ ခေမာအား မည်သည့်အခါ မှ တပ်မက်သော အကြည့်ဖြင့်မကြည့်သော သဃ်ဒတ္တသည် ခေမာနှင့် သီရိနာဂတို့ လက်ထပ်ထိမ်းမြားရန် ကြိုးစားအားထုတ်ခဲ့သည်။

စိတ္တလပဗ္ဗတ စေတီအထိ ခရီးတစ်လျှောက်၌ ခေမာသည် အတိတ်ကအကြောင်းကို လေးလေးနက်နက် ပြန်လည်တွေးတောနေမိသည်။ ခြောက်နှစ်ကြာအချိန်ကာလအတွင်း ခေမာသည် အရွယ်ရောက်လာသည်။ လက်ထပ်ထိမ်းမြားသည်။ ယခုတော့ ကိုယ်လေးလက်ဝန်ပင် ရှိလာပြီ။

ကျောင်းသခ်မ်းထဲ ဝင်ရောက်လာသောအခါ သားတော်သည် မြင်းပေါ်က ခုန်ဆင်းပြီးလျှင် မြင်းဇက်ကြိုးကို မိမိနှင့်အတူပါလာသူ အဖော်အားလှမ်းပေးလိုက်သည်။ ဓားကို ကုန်းနှီးတွင် ချိတ်ထားခဲ့ပြီးလျှင် ဖိနပ်ချွတ်လျက် အဖော်ပါလာသူအား တစ်ချက်လှမ်းကြည့်ပြီး ရေကန်သို့ သွားသည်။ ရေကန်တွင် လက်နှင့်ခြေကို ဆေးကြောပြီးလျှင် သားတော်သည် သစ်ပင်အကွယ်တွင် ပျောက်သွားသည်။

သုမေဓာသည် ချုံဘေးတွင် ဒရယ်လေးတစ်ကောင်ကို တွေ့မြင်သည် ဖြစ်၍ ခေမာကို ပြလိုက်သည်။ ခေမာကြည့်လိုက်သောအခါ ဒရယ်လေးတစ်ကောင်ကိုမျှသာမကဘဲ ခပ်လှမ်းလှမ်း၌ မြက်စားနေသော သမင်ဖိုနှင့် သမင်မကလေးကို လှမ်းတွေ့ရသည်။ အိမ်စေမိန်းကလေးသည် ပန်းပွင့်များ ထည့်ထားသော လင်ပန်းကို ရင်သားနှင့်ကပ်လျက် ကိုင်ပြီးလျှင် မြင်းနှစ်ကောင်ကို ရေတိုက်ရန် ရေကန်သို့ ဆွဲခေါ်သွားသော လုလင်ကို ကြည့်နေသည်။ ထိုလုလင်သည် မြင်းတစ်ကောင်ကို ပခုံးပေါ် ထမ်းတင်သွားနိုင်လောက်အောင်ပင် ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်ပါကလားဟူ၍ မိန်းကလေးက တွေးနေမိသည်။

သီရိနာဂနှင့် သဃ်ဒတ္တတို့သည် မြင်းနှစ်ကောင် အေးအေးဆေးဆေး ရေသောက်နေကြသော ရေကန်ရှိရာသို့ လျှောက်သွားကြသည်။ မြင်းနှစ်ကောင်၏အနီး၌ ထိုအားကောင်းမောင်းသန်လုလင်သည် ကန် ရေပြင်ပေါ်

mgyoe.com

mgyoe.com
တွင် ငုံ့၍ မျက်နှာသစ်နေရင်းက သူ့ကို ကြည့်နေသော လူစိမ်းနှစ်ယောက်ကို တွေ့သွားသည်။

ပထမဦးစွာ စကားစပြောသူမှာ သဃ်ဒတ္တဖြစ်သည်။

"ကျွန်ုပ် တိသဝက သဃ်ဒတ္တပါ။ မဟာဂါမနှင့် ဂုတ္တမာလ ကြား သွားလာနေတဲ့ ယာဉ်များကို အုပ်ချုပ်ရတဲ့လူဖြစ်ပါတယ်။ ဂုတ္တမာလ အုပ်ချုပ်ရေးမှူး သဃ်မိတ္တဟာ ကျွန်ုပ်ဖခင်ဖြစ်ပါတယ်။ သူကတော့ ကျွန်ုပ် မိတ်ဆွေ ကဇရဂါမက သိရိနာဂဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကို ကျယ် ကျယ်ပြန့်ပြန့် လုပ်နေတဲ့လူဖြစ်ပါတယ်။ သူပိုင်လယ်မြေလည်း သုံးယူဇနာ ပတ်လည်လောက် ရှိပါတယ်။ အရင်က ကျွန်ုပ်မိတ်ဆွေကို မတွေ့ဖူး၊ စကား မပြောဖူးပေမယ့် မိတ်ဆွေဟာ ဘုရင့်စစ်သည်သူရဲကောင်းတစ်ယောက်ဖြစ် တယ်ဆိုတာကိုတော့ ကျွန်ုပ် ခန့်မှန်းကြည့်လို့ရပါတယ်။ မိတ်ဆွေက သေနာ ပတိ သူရနိမလမဟုတ်လား"

"မိတ်ဆွေ ကျွန်ုပ်ကို ဘယ်လိုလုပ်သိနေတာလဲ" သူရနိမလက တအံ့တသြ မေးလိုက်သည်။

"ဂေါထမ္ဗမှတစ်ပါး တခြားသေနာပတိတွေ အားလုံးကို ကျွန်ုပ် မြင်ဖူးတယ်။ နန္ဒိမိတြက ကျွန်ုပ်မိတ်ဆွေပါ။ ကျွန်ုပ်တို့ နာဂပဗ္ဗတမှာ ကျင်းပ ပြုလုပ်တဲ့ ဂိရဂ္ဂသမ္မဇ္ဇာပွဲသဘင်မှာ အသိအကျွမ်း ဖြစ်သွားကြတယ်"

သူရနိမလသည် သဃ်ဒတ္တနှင့် သိရိနာဂကို နှုတ်ဆက်စကား ပြောနေစဉ် ခပ်လှမ်းလှမ်း၌ ရပ်နေကြသော မိန်းမနှစ်ယောက်ကို တွေ့မြင် သွားသည်။

"မိတ်ဆွေတို့ စိတ္တလပဗ္ဗတ ဘုရားလာဖူးကြတာလား"

"ဟုတ်ပါတယ်"

သူရနိမလသည် သိရိနာဂ၏ စိတ်ထွေပြားနေသည်ဟု ထင်ရ သော မျက်နှာကို လှမ်းကြည့်လိုက်သည်။

"မိတ်ဆွေက ခတ္တိယမျိုးထင်တယ်"

"ဟုတ်ပါတယ်"

"ဒီတစ်ခါ ဂိရဂ္ဂ သမ္မဇ္ဇာ ပွဲသဘင် ကျင်းပရင် ကျွန်ုပ်ကို ဖိတ် ကြပါလား။ အဲဒီပွဲအကြောင်း ကြားတော့ ကြားဖူးပါတယ်။ ဒါပေမဲ့ တစ်ခါမှ

mgyoe.com

mgyoe.com
မရောက်ဖူးဘူး”

သီရိနာဂ မျက်နှာမကောင်းဖြစ်သွားသည်ကို သူရနိမလ တွေ့မြင်သွားသည်။ သီရိနာဂ အဘယ့်ကြောင့် မျက်နှာညှိုးသွားသည်ဆိုသည်ကို သဃ်္ဃဒတ္တက သိရှိနားလည်သည်။ ထို့ကြောင့် ရှင်းမပြဘဲနေ၍ မဖြစ်တော့ပေ။

“သေနာပတိ၊ ဂိရဂ္ဂသမ္မဇ္ဇာပွဲဆိုတဲ့ စကားလုံး ကြားလိုက်ရတာနဲ့ ကျွန်ုပ်မိတ်ဆွေ စိတ်မချမ်းမသာ ဖြစ်သွားရတယ်။ အဲဒီအကြောင်း ပြောပြရတဲ့ ကျွန်ုပ်ကိုယ်တိုင်လည်းပဲ စိတ်မကောင်း ဖြစ်ရတယ်။ ဘုရင် ဂေါထာဘယ ကဇရဂါမက ဘုရင့်သားတော် ဆယ်ပါးကို သတ်ပစ်လိုက်တယ်ဆိုတဲ့သတင်းကို သေနာပတိ ကြားကောင်းကြားပါလိမ့်မယ်။ အဲဒီအဖြစ်အပျက် ဖြစ်ပျက်ခဲ့တာကတော့ ကရိန္ဒနဒီမြစ်နားက ကရိန္ဒ တောင်ပေါ်မှာ။ အဲဒီနေရာဟာ ပင်လယ် တိတ် သို့မဟုတ် အိန္ဒိယပင်လယ်လှိုင်းတံပိုးတွေ အစဉ်ထာဝရ ရိုက်ခတ်နေတဲ့နေရာဖြစ်တယ်။ သားတော် သီရိနာဂရဲ့ ခမည်းတော်က ညီတော် နောင်တော် ဆယ်ယောက်ထဲက အငယ်ဆုံး ဖြစ်တယ်။ ညီတော် နောင်တော် ဆယ်ယောက်ပျော်ပွဲစားပြီး အနားယူနေတဲ့အချိန်မှာ ဘုရင် ဂေါထာဘယ လူတွေ အငိုက်ဝင်စီးကြတယ်။ အခုဒီမှာ ကျွန်ုပ်နှင့်အတူရှိနေတဲ့ ကျွန်ုပ်မိတ်ဆွေဟာ အဲဒီနေ့က အသတ်ခံကြရတဲ့ ညီတော်နောင်တော်တွေထဲက အငယ်ဆုံး ဘုရင့်သားတော် အသိကရဲ့ သားဖြစ်တယ်။ ခတ္တိယ သွေးစွန်းသွားတဲ့ အဲဒီနေ့ကစပြီး ကလိန္ဒပဗ္ဗတ တောင်ပေါ်မှာ ဂိရဂ္ဂသမ္မဇ္ဇာပွဲ မကျင်းပတော့ဘူး။ နာဂပဗ္ဗတ တောင်မှာရွှေ့ပြီး ကျင်းပတယ်။ အခုတော့ နာဂပဗ္ဗတ တောင်မှာတောင် မကျင်းပတော့ဘူး။ အဲဒီနေရာအားလုံး အခုရဟန်းတော်တွေ တရားအားထုတ်တဲ့နေရာတွေ ဖြစ်ကုန်ကြပြီ”

သီရိနာဂသည် ရေကန်ကြီး၏ တစ်ဖက်၌ တည်ရှိနေသော ကျောက်တောင်များကို ငေးမျှော်ကြည့်နေသည်။ စိတ်နှလုံး မချမ်းမမြေ့ဖြစ်နေခြင်းကို မေ့ပျောက်ထားရန် ကြိုးပမ်းအားထုတ်နေသည် ဆိုသည်မှာ ထင်ရှားသိသာလှပေသည်။ လက်ဝဲဘက် တောင်ပေါ်၌ စေတီငယ်ကလေးများ ပတ်ရံနေသော စေတီကြီးတစ်ဆူရှိသည်။ အလယ်ဗဟိုပင်မ စေတီ
mgyoe.com

mgyoe.com

ကြီး၏ ထီးတော်သည် နေရောင်အောက်တွင် ဝင်းလက်တောက်ပနေသည်။ ဘုရားဖူးများစွာတို့သည် စေတီရင်ပြင်၌ သွားလာလှုပ်ရှားနေကြသည်။ ရေကန်လက်ျာဘက်ရှိ တောင်ထိပ်ပေါ်တွင် ကျောက်ဂူများထွင်းရန် ကိစ္စအတွက် မီးထွန်းညှိထားကြသည်။ တစ်နေရာရာမှ ထွက်ပေါ်လာသော တူထုသံကိုလည်း ကြားနေရသည်။

သူရနိမလသည် သီရိနာဂ၏ပခုံးကို ကိုင်လိုက်သည်။ "မိတ်ဆွေ၊ စိတ်မကောင်းစရာ အဲဒီအဖြစ်အပျက်ကိုမေ့ထားလိုက်ပါတော့၊ အဲဒီအကြောင်းကို ကျွန်ုပ်လည်း ကြားရပါတယ်။ ကျွန်ုပ်တို့ ဘုရင်ကအဲဒီရာဇဝတ်မှုကြီးကို အားမပေးပါဘူး။ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ရန်သူမဟုတ်ကြတော့ပါဘူး။ ကျွန်ုပ်တို့လည်း သကျမုနိဗုဒ္ဓကို သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် မိမိတို့၏ လမ်းညွှန်လမ်းပြအဖြစ် ကိုးကွယ်ဆည်းကပ်နေကြတဲ့ လူတွေဖြစ်တယ်။ ဗုဒ္ဓရဲ့ တရားဒေသနာတော်ကို ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး ကိုးကွယ်ဆည်းကပ်နေခြင်းက ကျွန်ုပ်တို့ကို လူမျိုးတစ်မျိုးတည်းဖြစ်အောင် ပြုလုပ်ဖန်တီးထားတယ်။ ယက္ခ၊ ရက္ခသ၊ နာဂ၊ အသုရဆိုတဲ့ ကျွန်ုပ်တို့ ဟေလလူမျိုးလေးမျိုးဟာ အားလုံးဆိန်မာလီလူမျိုးတွေ ဖြစ်ကြတယ်"

သီရိနာဂသည် မပြုံးချင် ပြုံးချင် ပြုံးလိုက်သည်။ "သေနာပတိ၊ အဲဒီအဖြစ်အပျက်ကို ကျွန်ုပ်မေ့ပစ်ဖို့ ဘယ်လောက် ကြိုးစားတယ်ဆိုတာ ကျွန်ုပ် တစ်ယောက်တည်းပဲ သိပါတယ်။ ဒါပေမဲ့ တစ်လတစ်ကြိမ် နှစ်ကြိမ်လောက်တော့ အဲဒီအဖြစ်ပျက်ကို သတိပြန်ရပြီး စိတ်မချမ်းမသာ ဖြစ်ရတဲ့အခါအခွင့်မျိုး ပေါ်ပေါက်လာတတ်တယ်။ ကျွန်ုပ် မခံမရပ်နိုင် ဖြစ်ရတာကတော့ ကျွန်ုပ် ခမည်းတော်နဲ့ ကျွန်ုပ်ဦးရီးတော်တွေ သူတို့ ကိုယ်ရံတော်တွေမရှိတဲ့အချိန်မှာ ဘယ်လိုမှ ပြန်မခုခံနိုင်ဘဲ အသတ်ခံလိုက်ကြရတဲ့ အချက်ဖြစ်ပါတယ်"

"ကျွန်ုပ်တို့ဘိုးဘွားများဟာ ဒီနိုင်ငံကို ဥတ္တရဘာရတက အကြောင်းနှစ်ကြောင်းကြောင့် ရွှေ့ပြောင်းလာကြသူတွေဖြစ်တယ်။ အကြောင်းတစ်ကြောင်းကတော့ ဗုဒ္ဓသာသနာတော်ဟာ ဇမ္ဗူဒိပ်မှာ ကွယ်သွားပြီး ဒီဒေသမှာလာအမြစ်တွယ်နေတဲ့အချက်ဖြစ်တယ်။ နောက်တစ်ကြောင်းက စစ်ဆား

mgyoe.com

mgyoe.com

စစ်ဒဏ်က ကင်းဝေးပြီး ငြိမ်းချမ်းစွာ တောင်သူလယ်သမားဘဝနှင့် နေထိုင်သွားလိုတဲ့အတွက်ဖြစ်တယ်။ အဲဒီလို ရိုးရိုးသားသားနေထိုင်ကြတာဟာ ဗုဒ္ဓအလိုကျ နေနည်းထိုင်နည်းလည်း ဖြစ်တယ်။

"ကျွန်ုပ်တို့ သကျမျိုးနွယ်ထဲက လူမျိုးစုတစ်စုဟာ ဂလဟနဒီမြစ်မြောက်ဘက်ကမ်းမှာရှိတဲ့ နယ်မြေမှာ ဆည်မြောင်းတာတမံဖို့ပြီး စန္ဒနဂါမမှာအခြေစိုက်ကြတယ်။ အခြားလူမျိုးစုကတော့ ကပ္ပကန္ဒရနဒီ မြစ်အနီးမှာရှိတဲ့ ကရဇဂါမမှာ တစ်အိုးတစ်အိမ်ထူထောင်ကြတယ်။ ဒီနိုင်ငံက တိုင်းရင်းသားများကို စိုးမိုးအုပ်ချုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက် လုံးဝမရှိဘူး။

"အနုရောဓပူရဘုရင် ဒေဝါနံပိယ တိဿမင်းကြီး ညီတော် မဟာနာမ ရောဟနမှာ လာခိုလှုံတဲ့အခါတုန်းက အစာရေစာနှင့် နေရာထိုင်ခင်းကျွေးမွေးပေးကမ်းတဲ့လူများဟာ ကျွန်ုပ်တို့ရဲ့ ဘိုးဘွား ဘီဘင်များသာ ဖြစ်ကြတယ်။

"ဂေါတာဘာယ ဘုရင်က ကျွန်ုပ်တို့ကို ရက်ရက်စက်စက် ဆက်ဆံတယ်ဆိုတာ ကျွန်ုပ်တို့ သိပါတယ်။ တစ်ခုတည်းသော ဘာသာတရားဟာ ယခု ကျွန်ုပ်တို့ကို စည်းနှောင်ထားပါတယ်။ အတိတ်ကာလက မလိုလားအပ်တဲ့ အဖြစ်အပျက်တစ်ခုခုကြောင့် ယခုကျွန်ုပ်တို့တစ်တွေကြားထဲမှာ မညီညွတ်မစည်းလုံးမှု ဖြစ်ပေါ်လာတာမျိုးကို ကျွန်ုပ်တို့ မလိုလားပါဘူး။ ကျွန်ုပ်တို့ အချင်းချင်းနားလည်မှုနှင့် ယုံကြည်မှုရှိပြီး နေသွားတာကိုပဲ ကျွန်ုပ်တို့ မျှော်လင့်ပါတယ်"

သူရနိမလသည် သီရိနာဂ ပွင့်ပွင့်လင်းလင်း ပြောပြသည်ကို နှစ်ခြိုက်သဘောကျသွားသည်။ သို့သော်လည်း အချိန်ကြာကြာ စကားဆက်ပြောကြားနေလိုသည့် ဆန္ဒမရှိတော့ပေ။ မိန်းမနှစ်ယောက်သည် သူတို့စကားကြော့ရှည်နေသည်ကို စောင့်ဆိုင်းနေကြရသည်။

"မိတ်ဆွေ သီရိနာဂ၊ ကျွန်ုပ်တို့ အချင်းချင်း မိတ်ဆွေမဖြစ်နိုင်တဲ့အကြောင်းမရှိဘူးလို့ ကျွန်ုပ်မြင်တယ်။ နက်ဖြန်ကျရင် မိတ်ဆွေသူငယ်ချင်းနှင့်အတူ ကွင်းထဲလာကြည့်ဖို့ ဖိတ်လိုက်ပါတယ်"

သူရနိမလ ပြောသောကွင်းမှာ ဒုရဝါပိနှင့် မာဂမ အကြားရှိ စစ်ရေးပြသည့်အခါ အသုံးပြုသော ကွင်းပြင်ကြီးဖြစ်သည်။ ထိုနေရာ၌ပင်

mgyoe.com

mgyoe.com

ဆင်များ၊ မြင်းများနှင့် စစ်ယာဉ်ရထားများကိုလည်း ထားသည်။ အမှန်က သီရိနာဂနှင့် ခေမာတို့သည် နောက်တစ်နေ့ ထိုကွင်းပြင်မှ စတင်တာထွက်မည့် ကြီးမားခမ်းနားသော စစ်ရေးပြအခမ်းအနားကို ကြည့်ရှုမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကဇရဂါမမှ လာခဲ့ကြသူများဖြစ်သည်။ ယင်းစစ်ရေးပြအခမ်းအနား၏ ရည်ရွယ်ချက်မှာ သေရုပြည်နယ်၌ မြတ်စွာဘုရား၏ ညှပ်ရိုးတော်ကို ဌာပနာမည့် စေတီကြီးတစ်ဆူ မင်းခမ်းမင်းနားဖြင့် တည်ရန်အတွက် ဖြစ်သည်။ သီရိနာဂနှင့် သူ၏ဇနီးခေမာသည် ထိုအခမ်းအနားကို ကွင်းပြင်နှင့် ကပ်နေသော သူတို့၏ မိတ်ဆွေအိမ်မှကြည့်မည်ဟု ကြံရွယ်ထားကြသည်။

"သေနာပတိ၊ ခေမာနှင့် ကျွန်ုပ် အဲဒီအခမ်းအနားကြည့်ဖို့ ကဇရဂါမက လာခဲ့တာပါ။ နက်ဖြန်ခါ နံနက်ကျရင် ကျွန်ုပ်တို့ ဆက်ဆက်လာခဲ့ပါမယ်"

သူရနိမလသည် မိတ်ဆွေနှစ်ယောက်ကို လက်အုပ်ချီ နှုတ်ဆက်ပြီးလျှင် ထွက်ခွာသွားသည်။ သီရိနာဂနှင့် သဃ်ဒတ္တတို့ကလည်း ပြန်လည်နှုတ်ဆက်ကြသည်။ သူရနိမလက ထွက်ခွာမသွားမီ ထပ်ပြောသွားလေသည်။ "ကျွန်ုပ်က စစ်ယာဉ်ရထားတာဝန်ခံ ဖြစ်ပါတယ်။ အချိန်မီ ရောက်အောင်လာဖို့ မမေ့ကြနှင့်"

အရှေ့ဘက်တည့်တည့်၌ တန်ဆောင်း ဆောက်လုပ်ထားသည်။ တန်ဆောင်းအလွန်၌ လိုဏ်ဂူဘုရားကျောင်းရှိသည်။ လိုဏ်ဂူဘုရားကျောင်းပရိဝုဏ်အတွင်း၌ ကျောက်သားကို ထုလုပ်ထားသော ကာကဝဏ္ဏ တိဿဘုရင်မင်းကြီးနှင့် ဝိဟာရ မဟာဒေဝီမိဖုရားကြီး၏ ရုပ်တုနှစ်ခုသည် ဘုရားကျောင်းကို ဝတ်ပြုနေကြသည်။ ရဟန်းတော်များ တရားထိုင်သော တရားဂူများကို ပတ်ဝန်းကျင်၌ ဟိုနေရာ သည်နေရာတွင် တွေ့မြင်နေရသည်။ စေတီတော်ရင်ပြင်မှ ဘုရားဖူးများ ဆင်းလာကြသည်ကို သီရိနာဂ တွေ့မြင်နေရသည်။ ပတ်ဝန်းကျင်တစ်ခွင်၌ လေအဟုန့်တွင် သစ်ရွက်ကြွေကျသော အသံမှတစ်ပါး တခြားဘာသံကိုမှ မကြားရပေ။

သီရိနာဂတို့ အဖွဲ့သည် စေတီတော်ကြီးကို အနီးကပ် ဖူးမြော်ရန်သွားကြသည်။ ခေမာမှာ မောနေပုံရသည်။ သီရိနာဂက ခေမာ၏ လက်ကို

mgyoe.com

ဆွဲပြီး တွဲခေါ်သွားသည်။

"ခေမာ၊ မောနေရင် ကျွန်ုပ်တို့ တအောင့် နားကြစို့လား" သဃ်ဒတ္တက ပြောလိုက်သည်။ ခေမာသည် ကလေးတစ်ယောက်လို ပြုံးလိုက်သည်။ လမ်းတွင် မနားဘဲ စေတီတော်ရင်ပြင် အရောက်သွားလိုသည့် ဆန္ဒသာရှိသည်။ နေပူရှိန်ကြောင့် ပူနေသော ကျောက်လှေကားထစ်များကလည်း ခေမာအတွက် အဆင်မပြေဖြစ်နေသည်။

သဃ်ဒတ္တသည် စိတ္တလပဗ္ဗတ တောရကျောင်းသို့ တစ်ကြိမ်ရောက်ဖူးသည်။ ဤလူသုံးယောက်မှာမူ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဘုရားဖူးအဖွဲ့သည် တောင်ထိပ်စေတီသို့ ရောက်လုနီးလာကြပြီ။ ပတ်ဝန်းကျင် ရှုခင်းကိုလည်း တွေ့မြင်ရသည်ဖြစ်၍ ကြည်နူးသွားသည်။ အနောက်တောင်ဘက် မိုးကုတ်စက်ဝိုင်းဆီ၌ ပင်လယ်တိတ် သို့မဟုတ် အိန္ဒိယ ပင်လယ်ရှိနေသည်။ အရှေ့တောင်ဘက်ဆီ၌ ကတရဂါမဝိဒိဟိတိ ကဏ္ဍုတောင်မနှင့် တောင်တန်းများရှိနေကြသည်။ မြောက်ဘက်၌ အလယ်ဗဟိုတောင်တန်းဒေသဖြစ်သော မလယဒေသ ရှိနေသည်။ အနောက်မြောက်၌ရှိသော အာကာသစေတီနှင့် မြောက်ဘက်စူးစူးက ဂုတ္တမာလနယ်မြေအကြား၌ရှိသော အာကာသလွင်ပြင်၌ ရေကန်ကြီးများနှင့် ယင်းရေကန်ကြီးများက ရေရရှိနေကြသော စိုက်ခင်းများရှိသည်။

ယင်းရှုခင်းကို တွေ့မြင်ရသောအခါ ခေမာသည် ရွှင်လန်းသွားသည်။ သုမေဓာသည် ဒုရဝါပိရေကန်ကြီးနှင့် တိဿဝါပိ ရေကန်ကြီးကိုလည်းကောင်း၊ ရေကန်ကြီးနှစ်ကန်၏အကြားတွင် ရှိသော တိဿစေတီကိုလည်းကောင်း၊ တွေ့မြင်ရသောအခါ တိဿဝါပိရေကန်၏ အနီးရှိသော သူ၏အိမ်ကို သူ့ယောကျ်ား၏ အကူအညီဖြင့် ရှာကြည့်နေသည်။ သို့သော်လည်းမိမိအိမ် တည်ရှိရာ အရပ်ဒေသမျှလောက်ကို သာလျှင် ခန့်မှန်းကြည့်၍ရသည်။ ရှုမျှော်ခင်းကို မြင်တွေ့ရသဖြင့် စိတ်ကြည်နူးလာသော ခေမာသည်လည်း ကိရိဝိဟာရ အနီး၌ရှိသော သူ၏ အိမ်ဂေဟာကို တွေ့လိုတွေ့ငြားကြိုးစားရှာကြည့်သည်။ သို့ရာတွင် ကတရဂါမ တောင်တန်းသည် ဘုရားကျောင်းကို မျိုထားသည်။

mgyoe.com

mgyoe.com

ဘုရားဖူးများသည် ရတနာသုံးပါးကို ပူဇော်ကန်တော့သည့်အနေဖြင့် စေတီတော်တွင် ပန်းကပ်လှူကြပြီးလျှင် ဘုရားဒါယကာ ကာကဝဏ္ဏတိဿ ဘုရင်မင်းကြီးအား အမျှအတန်း ပေးဝေကြသည်။

ပထမဦးဆုံး ဝတ်ပြု၍ ပြီးသွားသူမှာ သီရိနာဂဖြစ်သည်။ သီရိနာဂသည် စေတီတော်၏ ရင်ပြင်အစပ်သို့ လှမ်းကြည့်လိုက်သောအခါ ရဟန်းတော်တစ်ပါးနှင့်အတူ သားတော်ဂါမဏိ အောက်ဘက်သို့ သစ်ပင်များကြားထဲက ထွက်လာသည်ကို လှမ်းမြင်ရလေသည်။ ရဟန်းတော်အား လက်အုပ်ချီ ရှိခိုးပြီးလျှင် နောက်ဘက်ခြေနှစ်လှမ်း သုံးလှမ်း ဆုတ်လျက် သူ၏မြင်းပေါ်တက်သွားသည်။

သီရိနာဂအရိပ်အမြွက် ပြလိုက်သည်ဖြစ်၍ သင်္ဃဒတ္တနှင့် မိန်းမနှစ်ယောက်တို့လည်း သုတ်သီးသုတ်ပျာနှင့် လှမ်းကြည့်ကြသည်။ သို့ရာတွင် သူတို့ လှမ်းမြင်လိုက်ရသည်မှာ လမ်းပေါ်တွင် တထောင်းထောင်းထသွားသော ဖုန်မှုန်တိုင်းသာလျှင် ဖြစ်သည်။ ဝမ်းသာအားရ ဖြစ်နေသော ခေမာသည် မြေပြင်ပေါ်၌ ဖုန်မှုန်တိုင်း ပျောက်ကွယ်သွားသည်အထိ တမေ့တမော လှမ်းမျှော်ကြည့်နေသည်။

"ထေရပုတ္တာဘယ မထေရ် ဒီလမ်းက လာလိမ့်မယ်ထင်တယ်" သင်္ဃဒတ္တက ပြောလိုက်သည်။

ထေရပုတ္တာဘယ မထေရ်သည် တလဂုရဝိဟာရ၏ အကြီးအကဲဖြစ်သည်။ ပြည်သူတို့၏ အကျိုးကို ထောက်ထားငဲ့ညှာသောအားဖြင့် အခြားရဟန်းတော်များအားလည်း အမျိုးသားရေးလှုပ်ရှားမှုတွင် ပါဝင်လာရန် လှုံ့ဆော်စည်းရုံးနေသော ပုဂ္ဂိုလ်ဖြစ်သည်။ မထေရ်သည် နက်ဖြန် ကျင်းပမည့် ဘာသာရေးချီတက်ပွဲအခမ်းအနားအတွက် ရဟန်းတော်များကို လာရောက်ပင့်ဖိတ်ခြင်း ဖြစ်လိမ့်မည်ဟု သင်္ဃဒတ္တက တွက်လေသည်။

❑

mgyoe.com

mgyoe.com

## အခန်း (၂)

ဝိဟာရမဟာဒေဝီ မိဖုရားကြီးသည် သူ၏ ခန်းဆောင်တံခါးကို ရုတ်တရက် တွန်းဖွင့်သံကြားရသောအခါ အံ့အားသင့်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ တံခါးရွက်ကို ကိုင်ထားသူမှာ သားတော်ဂါမဏီဖြစ်နေသည်။ သားတော်သည် သူ့မယ်တော်ကို ဒေါသမျက်လုံးဖြင့် ကြည့်နေသည်။

"မယ်တော်၊ ခမည်းတော် တကယ် သူရဲဘောကြောင်ပါကလား၊ ခမည်းတော်ဟာ ယောကျ်ားမဟုတ်ဘူး၊ မိန်းမ၊ မိန်းမ" သားတော်က ကမူးရှူးထိုး ပြောလိုက်သည်။

မိဖုရားကြီးက သားတော်၏ နှုတ်ခမ်းကို ညာလက်ဝါးဖြင့် လှမ်းပိတ်လိုက်သည်။

"သားတော် အဲဒီလို မပြောရဘူး၊ ခမည်းတော်ကို မစော်ကားနှင့် သားတော်အမြင်နှင့် သားတော်ရဲ့ ခမည်းတော်အမြင်ကို မယ်တော်ကောင်းကောင်းနားလည်တယ်၊ သားတော်ရဲ့ ခမည်းတော်က မှန်တယ်၊ သားတော် ကိုယ့်အယူအဆကို ဆုပ်ကိုင်ထားတယ်။ သားတော်ဟာ ကိုယ့်နှာခေါင်းက ကျော်ပြီး ရှေ့ရှည်ရှည်ဝေးဝေးမကြည့်ဘူး"

mgyoe.com

mgyoe.com

သားတော်အား ထိုင်ခိုင်းသည့် မယ်တော်၏ ကြိုးပမ်းချက်သည် မအောင်မမြင် ဖြစ်သွားသည်။ သားတော်သည် သူ့မယ်တော်၏ လက်ကို ဖယ်ပြီးလျှင် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ရပ်နေသည်။

"မယ်တော်၊ တောင်ဘက်က ပင်လယ်တိတ်နှင့် မြောက်ဘက်က စောလ ကျူးကျော်သူတို့ရဲ့ ကြားထဲမှာ ညပ်နေတဲ့ ရောဟနတိုင်းပြည်မှာ သားတော် တစ်ခဏလေးတောင်မှ မနေချင်တော့ဘူး"

ဝိဟာရဒေဝီမိဖုရားကြီးသည် သားတော်ကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည်။ သားတော်သည် ဘယ်ဘက်လက်နှင့် ဆုပ်ကိုင်ထားသော ခါးတွင် ချိတ်ထားသည့် ဓားကို ညာဘက်လက်ဖြင့် ပြောင်းပြီးဆုပ်ကိုင်ထား လိုက်သည်။

"သားတော်. . .၊ သားတော်ဟာ ကိုယ့်ခမည်းတော်ရဲ့ အမိန့်ကို မနာခံသလို၊ မယ်တော်ရဲ့ အမိန့်ကိုလည်း မနာခံဘူး၊ ဟုတ်လား"

"သားတော် ကိုယ့်တိုင်းပြည်ရဲ့ အမိန့်ကို မနာခံဘဲ မနေနိုင်ဘူး၊ တိုင်းပြည်နှင့် ဗုဒ္ဓသာသနာတော် အကျပ်တည်း ရောက်နေတဲ့အချိန်မှာ စစ်ပြေငြိမ်းဖို့အတွက် သူတောင်းစားခွက်ထိုးခံသလို တောင်းခံနေတဲ့ ခမည်းတော်ရဲ့ အမိန့်ကို မနာခံနိုင်ဘူး"

"မယ်တော်ပြောတာ သားတော် နားမထောင်ဘူးလား"

"သားတော် မယ်တော်ပြောတာ နားထောင်မယ်၊ မယ်တော်က ခမည်းတော်ထက် ယောကျ်ားပိုပီသတယ်၊ မယ်တော် ဘာပြောချင်သလဲ"

သားတော်သည် သူ့ကိုယ်သူ သလွန်ပေါ်၌ ပစ်ချထိုင်လိုက်သည်။ ခါးတွင် ချိတ်ဆွဲထားသော သူ၏ ဓားသွားသည် ကြမ်းပြင်တွင် ထိနေသည်။ ခြေထောက်ကို တွဲလွဲချလိုက်ပြီးလျှင် သားတော်သည် ဓားကို ပေါင်ပေါ် တင်လျက် မျက်လွှာချထားလိုက်လေသည်။

သားတော်၏အမူအရာကြောင့် အပျိုတော် အံ့အားသင့်သွားသည်။ သားတော်သည် နှုတ်ခမ်းမွေးပင် မပေါက်သေးသည့် လူပျိုဖော်ဝင်ကာစမျှသာ ရှိသေးသည်။ သားတော်၏ ဆောင့်ကြွားကြွားအမူအရာကို ကြည့်လျက် အပျိုတော်သည် သားတော် ခြေထောက်ချရန်အတွက် ခြေနင်းခုံကို သားတော် ခြေထောက်အောက် ရွှေ့ပေးလိုက်သည်။ သို့ရာတွင် သားတော်သည် သုန်မှုန်

mgyoe.com

နေသော မျက်နှာထားဖြင့် ခြေနင်းခုံပေါ် ခြေမတင်ဘဲ ခြေနင်းခုံကို ခြေထောက်နှင့် ကန်ပစ်လိုက်သည်။

"ကြမ်းပြင်ပေါ် ခြေထောက် ထောက်နိုင်လောက်အောင် အားမရှိသေးဘူးလို့ မှတ်လို့လား" သားတော်က ကြိမ်းလိုက်သည်။

သစ်သား ခြေတင်ခုံဝိုင်းဝိုင်းကလေးပေါ်တွင် ခင်းထားသော သမင်ရေသည် ခုံကလေးပေါ်မှ ကျသွားပြီးလျှင် ခုံကလေးသည် တလိမ့်ခေါက်ကွေး မိဖုရားကြီး၏ သလွန်အောက်ဘက် လိမ့်ဝင်ပျောက်ကွယ်သွားသည်။ မိမိ၏အမူအရာ ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်သွားသည် ဆိုသည်ကို သားတော်ချက်ချင်းသဘောပေါက်သွားသည်။ အထူးအားဖြင့် မယ်တော်၏ရှေ့မှောက်တွင် ဖြစ်နေ၍ နောင်တရသွားပြီး မယ်တော်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

သားတော်သည် သူ၏မယ်တော် မျက်ရည်လည်သည်ကို တစ်ခါမှ မတွေ့ဖူးပေ။ သို့သော်လည်း ယခု မိဖုရားကြီးမျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ဦးခေါင်းတစ်ဖက်လှည့်သွားသည်ကို သားတော် မြင်လိုက်ရသည်။

"သားတော်ကို ခွင့်လွှတ်ပါ မယ်တော်"

"သားတော် အခုလို အပြုအမူမျိုး ပြုလုပ်လိမ့်မယ်လို့ မယ်တော်အိပ်မက်ထဲမှာတောင် မမြင်မက်မိခဲ့ဘူး"

သားတော်သည် ဖြည်းညင်းစွာ ထလိုက်သည်။ ထို့နောက် သူ့မယ်တော်အနီးကပ်သွားလျက် ဒူးထောက်လျက် မယ်တော်၏ ခြေထောက်ကိုနမ်းလိုက်သည်။

"သားတော်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် မယ်တော်"

ဝပ်တွားခစားနေသော အပျိုတော်သည် မည်သို့ ဖြစ်မည်ကို သိလိုသည့်အတွက် ဦးခေါင်းမော့်ကြည့်လိုက်သည်။ သားတော်သည် သူ့မယ်တော်၏ ခြေထောက်ကို နမ်းနေတုန်း ရှိသေးသည်။ မိဖုရားကြီး၏လက်သည်မျက်နှာမှ ခွာပြီးလျှင် သားတော်၏ ဦးခေါင်းပေါ် ညင်သာစွာရောက်လာသည်။ မိဖုရားကြီး၏ မျက်လုံးတွင် မျက်ရည်မရှိတော့ပြီ ဖြစ်သော်လည်း လှုပ်ရှားနေသည့်အမူအရာကို အပျိုတော်တွေ့မြင်သွားသည်။

"ထလော၊ သားတော်" မိဖုရားကြီးက ကျေနပ်အားရသွားသော

mgyoe.com

mgyoe.com


အသံဖြင့် ပြောလိုက်သည်။

သားတော် ငုံ့လျှိုးနေရာမှ ထလိုက်သည်။ လက်မောင်းနှစ်ဖက်လည်း ပျော့ပျော့ပျောင်းပျောင်း ဖြစ်သွားသည်။

"ထိုင်လေ... သားတော်"

သားတော်က ထိုင်လိုက်သည်။ မိဖုရားကြီးလည်း သားတော်ရှေ့တွင် ထိုင်လိုက်သည်။

"မယ်တော်ပြောတာ သေသေချာချာ နားထောင် သားတော်၊ ခမည်းတော်ကို ကြောက်သွေးပါတယ်လို့၊ သူရဲဘောကြောင်တယ်လို့ မထင်ပါနှင့်၊ သူ့စိတ်သဘောထားကို မယ်တော်သိတယ်၊ သားတော် မသိဘူး၊ စစ်သည်တပ်သားနှစ်သောင်းလေးထောင်နှင့် မာဂမ,က ချီတက်သွားပြီး သဟာသတိတ္ထ ရောက်တဲ့အခါ ညာဘက်မကွေ့ဘဲ ဘယ်ဘက်ကွေ့ဖို့ ခမည်းတော်ကို သားတော်အကြံပေးတယ်ဆိုတာ မယ်တော်သိတယ်။ အလောတကြီး မလုပ်ချင်ပါနှင့် သားတော်၊ သားတော်။ သားတော်ရဲ့ ခမည်းတော်ဟာ အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။ သားတော်ချီတက်သွားမယ့် လမ်းမှာ အနှောင့်အယှက် အဆီးအတားမရှိဘဲ သားတော်ကို အောင်မြင်မှုပန်းတိုင်အရောက်ချီတက်သွားစေလိုတဲ့ ရည်မှန်းချက် သားတော်ရဲ့ခမည်းတော်မှာရှိနေတယ်။ ဒီဘာသာရေးချီတက်ပွဲဟာ အရှေ့မြောက်ပိုင်း ပြည်နယ်သေရမှာ စေတီတည်ဖို့ သက်သက်မဟုတ်ဘဲ အဲဒီပြည်နယ်နှင့် ဂေါကဏ္ဍတိတ္ထအထိ မယ်တော်တို့ရဲ့ စိုးမိုးအုပ်ချုပ်မှုကို ပြန့်ပွားအောင် လုပ်လိုတဲ့ ရည်မှန်းချက်လည်းရှိတယ်။ သေရပြည်နယ်ရဲ့ ထောက်ပံ့အားပေးမှု မရရှိဘဲနှင့် မယ်တော်တို့ဟာ အနုရာဓပူရကို အသာထား၊ ဝိဇိဌပူရကိုတောင် အနိုင်တိုက်ဖို့ မလွယ်ဘူး။ အခုဟာက ဘာသာရေးချီတက်ပွဲထက် ပိုပြီး သိမ်မွေ့နက်နဲတဲ့ ချီတက်ပွဲဖြစ်တယ် သားတော်။ သားတော်ရဲ့ ခမည်းတော် ကာကဝဏ္ဏတိဿ ဘုရင်မင်းကြီးဟာ သူကိုယ်တိုင် အခွင့်အလမ်းမရခဲ့ပေမယ့် သားတော်အကြီးဖြစ်တဲ့ သားတော်ကို ဒမိလတွေကို ပြတ်ပြတ်သားသား အနိုင်တိုက်ခိုက်စေလိုတဲ့ ဆန္ဒရှိနေတာ အမှန်ဖြစ်တယ်။ သားတော်၊ ခမည်းတော်က သားတော်ကို အဲဒီအကြောင်းအရာတွေ ပြောမပြဘူးလား"

"ခမည်းတော်က သွယ်ဝိုက်တဲ့နည်းနှင့် လုပ်လိုတယ်၊ သားတော်

mgyoe.com

mgyoe.com


က အဲဒါကို သဘောမတူဘူး၊ ဘုရင် ဧဒ္ဒါရဟာ နေ့စဉ်နှင့်အမျှ အင်အား တောင့်တင်းခိုင်မာလာတယ်။ သူ့အာဏာကို မဟာဝေလီဂင်္ဂါ အပြင်ဘက် အထိရောက်အောင်၊ ခိုင်မာအားကောင်းလာအောင် လုပ်နေတယ်။ မကြာခင် က သဟဿတိတ္ထမှာ ခံတပ်တစ်ခု တည်ဆောက်တယ်ဆိုတာ သားတော် သိတယ်၊ အဲဒါလောက် ကျူးကျော်နေတာကို ခမည်းတော် ဘယ်ပုံဘယ်နည်း တုံ့ပြန်မလဲ၊ 'ရန်သူ' တံခါး၀ ရောက်လာပြီး ခမည်းတော်ရဲ့ လည်မျိုကို ဓားနှင့်တော့တဲ့အချိန်အထိ ခမည်းတော် စောင့်နေမှာလား' လို့ သားတော်က မေးတော့ ခမည်းတော် မျက်မာန်ရှတယ်၊ သားတော်ကို ကြိမ်းမောင်းပြီး 'ပါးစပ်ပိတ်ထား' လို့ ပြောတယ်၊ အဲဒါကြောင့် သားတော်က 'ယောကျ်ားက မိန်းမဆီက အမိန့်မယူဘူး' လို့ ပြောပစ်လိုက်တယ်။ အဲဒီလို ပြောလိုက်တော့ ခမည်းတော်က သားတော်အပေါ် ခုန်အုပ်ပြီး ခုချက်ချင်း ထွက်သွားလို့ နှင်ထုတ်ပစ်တယ်။

"မယ်တော်၊ တပ်သားနှစ်သောင်း လေးထောင်နှင့် ချီတက်သွား ပြီး တောနက်ထဲမှာ လပေါင်းများစွာ အချိန်အကုန်ခံပြီးတော့ စေတီတစ် ဆူတည်ပြီး မာဂမကို ကုပ်ကုပ်ကလေး ပြန်ဆုတ်လာတာထက် သဟဿ တိတ္ထမှာ ရှိနေတဲ့ ဧဒ္ဒါရရဲ့ ခံတပ်ကို တိုက်ခိုက်ဖြိုဖျက်ပစ်လိုက်တာက မကောင်းပေဘူးလား မယ်တော်"

"သားတော် အသက် ယခု ၁၆ နှစ်မျှသာ ရှိသေးတယ်ဆိုတာ သားတော် မေ့နေသလား၊ အခုမှ ကြီးကောင်ဝင်ခါစ ရှိသေးတယ်၊ မုတ် ဆိတ်မွေးတောင် မပေါက်သေးဘူး၊ ကိုယ့်လက်မောင်းကိုယ် ပြန်ကြည့်ပါ ဦး၊ အခုမှ ကြွက်သားတက်ခါစ ရှိသေးတယ်၊ သားတော်ရဲ့ ခမည်းတော် က သက်တော် ငါးဆယ့်ကိုးနှစ်ရှိနေပြီ၊ ကျယ်ပြန့်ကြီးမားတဲ့ အတွေ့အကြုံ လည်း ရှိနေပြီ၊ ကမ္ဘာလောကအကြောင်းကိုလည်း နောကျေနေပြီ၊ မယ်တော် အခုလိုပြောတာဟာ သားတော် စိတ်ဓာတ်ကျသွားအောင် ပြောတာ မဟုတ် ဘူး၊ သားတော် သည်းညည်းခံပြီး စောင့်ဆိုင်းဖို့ ညွှန်ကြားပြောပြတာ၊ နောက် လေးနှစ်မကြာခင် သားတော်စစ်တိုက်လျှင် အရှုံးနှင့် ရင်ဆိုင်ရလိမ့်မယ်လို့ သားတော် ဇာတာမှာ ပါတယ်"

သားတော် ဂါမဏိက မဲ့ပြုံးပြုံးလိုက်သည်။

mgyoe.com

mgyoe.com

"လူကို သူရဲဘောကြောင်အောင်လုပ်တဲ့ ဂြိုဟ်နက္ခတ်ကိုတော့ မယ်တော် ယုံသလား၊ ကောင်းကင်မှာ မှိတ်တုတ်၊ မှိတ်တုတ် တောက်နေတဲ့ ကြယ်ကလေးတွေက ဘာလုပ်နိုင်မှာလဲ၊ ကြယ်မပြောနှင့်၊ နေတွေ၊ လတွေတောင် လူ့လုံ့လ ဝီရိယရှေ့မှောက်မှာ အရှုံးပေးကြရတယ်"

"သားတော်တို့၊ မယ်တော်တို့ မသိနိုင်တာတွေ အမြောက်အမြား ရှိတယ်၊ လူတစ်ဦးတစ်ယောက်အနေနှင့် ကြယ်ကလေးတစ်ပွင့်ကို အနိုင်ရရှိအောင် လုပ်တဲ့ သာဓကေ မယ်တော်ကို ပြောပြနိုင်သလား၊ နေနှင့်လကို အသာထားပါဦး၊ ကြယ်ကလေးတစ်ပွင့်ကိုတောင် လူက အနိုင်ရရှိဖူးသလား၊ မယ်တော့်ကို ပြောပြစမ်းပါ"

"ဒီကမ္ဘာလောကကို ထွန်းလင်းတောက်ပအောင် လုပ်တဲ့ နေမင်းကြီးကို သားတော် လက်သန်းကလေးနှင့်ပဲ ပိတ်ပင်ထားလို့ရတယ်"

ယခုတစ်ကြိမ်၌ မျက်နှာထားတည်သွားသူမှာ သားတော် ဂါမဏိ မဟုတ်ဘဲ မယ်တော် ဝိဟာရ မဟာဒေဝီ မိဖုရားကြီး ဖြစ်နေသည်။

"သားတော်ဟာ ဘယ်လောက် အလှည့်စားခံနေရတယ် မသိဘူး၊ လွဲမှားတဲ့ အယူအဆတွေကို ဆုပ်ကိုင်မထားဘဲ ကိုယ့်အယူအဆနှင့် ကိုယ်လွတ်လွတ်လပ်လပ် တွေးခေါ် စဉ်းစားစေချင်တယ်၊ ကိုယ့်လက်နှင့် ကိုယ့်မျက်လုံးကို သားတော် ပိတ်ထားလို့ရရဲ့လား၊ သားတော် နေမင်းကို ပိတ်ပင်ထားလို့ ရတယ်လို့ ပြောနိုင်ရဲ့လား၊ အဲဒီလို ကြွားဝါရင်တော့ သားတော် ဦးနှောက် ချောင်နေပြီလို့ လူတွေက ထင်ကြလိမ့်မယ်၊ သားတော် ကိုယ့်ကိုယ်ကိုယ်သာ နေကိုကြည့်လို့မရအောင်လုပ်လို့ ရလိမ့်မယ်၊ သားတော်အတွေးဟာ ကိုယ့်ကိုယ်ကိုယ် လှည့်စားနေခြင်းသာဖြစ်တယ်၊ ယခုအချိန်မှာ စစ်တိုက်ရမယ်လို့မြင်တဲ့ သားတော်ရဲ့အမြင်ဟာလည်း ကိုယ့်ကိုယ်ကိုယ် လှည့်စားနေခြင်းသာဖြစ်တယ်၊ နက်ဖြန်ခါ စထွက်မယ့် ဘာသာရေးချီတက်ပွဲနှင့် လိုက်ဖို့ စဉ်းစားပါ သားတော်၊ အတွေ့အကြုံတွေ ရအောင်ယူပြီး မဟာဂါမကို ဘေးမထိ ရန်မခဘဲ ပြန်လာခဲ့ပါ။ ဘာသာရေး ချီတက်ပွဲကြီး လုပ်မယ်ဆိုတဲ့ အကြံဉာဏ်ဟာ မယ်တော့်အကြံဉာဏ် လုံးလုံးဖြစ်တယ် သားတော်"

သားတော်ဂါမဏိ ထရပ်လိုက်သည်။ ထို့နောက် ရှေ့သုံးလေးလှမ်းလောက်တိုးသွားပြီးလျှင် ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်သည်။

mgyoe.com

တိဿစေတီတော်ကြီးကို ပြတင်းပေါက်မှ တန်းတန်းမတ်မတ် လှမ်းမြင်နေရသည်။ နန်းရင်ပြင်အပြင်ဘက်ရှိ လမ်းမပေါ်၌ ဆင်တပ်ကြီးသည် တန်းစီပြီး တရွေ့ရွေ့ချီတက်နေသည်။

"မယ်တော် ကိုယ့်အတွေ့အကြုံတွေကို ပြောပြနေတာလား"

"ဟုတ်တယ်လေ သားတော်"

"အဲဒီလိုဆိုရင် သားတော်လည်း သေရဝိလ ချီတက်ပွဲနှင့် လိုက်သွားမယ်၊ သဟဿတိတ္ထမှာ ရန်သူတွေနှင့် တိုက်ပွဲဖြစ်လိမ့်မယ်လို့ ထင်တဲ့အတွက် သားတော် အခုချီတက်ပွဲနှင့် လိုက်သွားမှာ ဖြစ်တယ်။ အဲဒီလို တိုက်ပွဲမျိုး မဖြစ်လျှင်တော့ သားတော် တွက်ကိန်းမှားသွားပြီလို့ ယူဆပြီး မဟာဂါမကို ပြန်မလာတော့ဘဲ အဲဒီနေရာကနေပြီး ဂီရိနုဝါရကို သွားမယ်"

ဗိတဏ္ဍာဒေသ၌ရှိသော နုဝါရဂလဟုလည်း လူသိများသည့် ဂီရိနုဝါရသည် ဒေသဘုရင်ခံ အဘယမင်းသား၏ နယ်မြေဒေသဖြစ်သည်။ သူ့လင်ယောကျ်ား ဘုရင်မင်းကြီး၏ နမတော်များထဲက နမတော်တစ်ပါးဖြစ်သော သောမဒေဝီနှင့် အဘယမင်းသား လက်ထပ်ထိမ်းမြားထားသည်ဆိုသည်ကို ဝိဟာရ မဟာဒေဝီမိဖုရားကြီးသိထားသည်။ ထို့ကြောင့် မိဖုရားကြီးသည် သားတော် ဂါမဏိ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ချိန်ချိန်ဆဆ လုပ်နေသည်။ သားတော် ယခုလိုမနေနိုင် မထိုင်နိုင်ဖြစ်ပြီး ပြောမရ ဆိုမရ လောက်အောင် ခေါင်းမာနေခြင်းမှာ သားတော် ရာဇာနက္ခတ်ပါနေသည့်အတွက်ကြောင့်ဟု မိဖုရားကြီးက သိသည်။ သားတော် ဂါမဏိသည် မည်မျှစိတ်ယောက်ယက်ခတ်နေသနည်းဆိုလျှင် သူ၏ညီချစ်သားတော် တိဿနှင့်ပင် မကြာခဏ ကတောက်ကဆဖြစ်နေရသည်။

မယ်တော် မတုန်မလှုပ်ဖြစ်နေသည်ကို တွေ့ရသောအခါ သားတော် ဂါမဏိသည် သူ၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မယ်တော်၏ သဘောထားကို တီးခေါက်ကြည့်လိုက်သည်။

"မယ်တော် ဘယ်လို သဘောရသလဲဆိုတာ သားတော်ကို ပြတ်ပြတ်သားသား ပြောပြစမ်းပါ"

"သားတော်ဟာ ဒီမှာ နေချင်ပုံမရဘူး၊ ဒါပေမဲ့ ဂီရိနုဝါရမှာလည်း သားတော်ကြာကြာနေနိုင်ပါ့မလားလို့ မယ်တော် သံသယဖြစ်နေတယ်

mgyoe.com

mgyoe.com

သားတော်ရဲ့ အရိုးတော်ဟာ မျိုးနှင့်ရိုးနှင့် ခပ်ကြမ်းကြမ်း ခမ်မာမာဆက်ဆံတတ်တဲ့ မိန်းမဖြစ်တယ်၊ ဘဝင်လည်း မြင့်နေတယ်၊ မျိုးရိုးဂုဏ်မောက်ပြီး သားတော်ရဲ့ ဦးရိုးတော်ကိုတောင် မောက်မောက်မာမာ ဆက်ဆံတယ်၊ ရက္ခသအမျိုးအနွယ်က ဆင်းသက်လာတဲ့ မိန်းမ မဟုတ်လား၊ အမှန်က ဂိရိမှာ တကယ်စိုးမိုးအုပ်ချုပ်နေတာက သူ၊ သားတော်ရဲ့ဦးရိုးတော် မဟုတ်ဘူး၊ ကိုယ့်ခမည်းတော်စကားကို နားမထောင်တဲ့ သားတော်ဟာ သူနှင့်ကျတော့ ပြားပြားဝပ်နေရလိမ့်မယ်လို့ မယ်တော်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် မလယဒေသက လူတွေဟာ သိက္ခာရှိတဲ့လူတွေဖြစ်တယ်၊ သားတော်ရဲ့ ခမည်းတော်အာဏာကလည်း ရောဟနပဗ္ဗတအထိ ရောက်နေတယ်၊ မယ်တော့်ခမည်းတော် စိုးမိုးအုပ်ချုပ်နေတဲ့ ကလျာဏီကိုလည်း သားတော်ကို ပို့လို့မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုရင် ဝနဝါဟိနီနဲ့ ကဏ္ဍာနဒီ ကြားမှာရှိတဲ့ နယ်မြေက တောနက်ထဲမှာ၊ အန္တရာယ်များတဲ့ သားရဲတိရစ္ဆာန်တွေရှိတယ်၊ သားတော်ဒီမှာနေတာကိုပဲ မယ်တော်သဘောကျတယ်၊ ဒါပေမဲ့ တခြားသွားနေမယ်လို့ ဆုံးဖြတ်ထားတယ်ဆိုရင်တော့ မယ်တော် ဘယ်လိုမှ မပြောတတ်တော့ဘူး၊ သားတော်ဟာ ရောက်ရာကနေပြီး မယ်တော့်ကို အမြဲမပြတ် အကျိုးအကြောင်း သတင်းပို့နေဖို့ပဲ မှာလိုက်ချင်ပါတယ်၊ သားတော်ဟာ မယ်တော်ရဲ့ တစ်ဦးတည်းသော မျှော်မှန်းချက်၊ ခမည်းတော်ရဲ့ တစ်ဦးတည်းသော မျှော်မှန်းချက်၊ တိုင်းနိုင်ငံရဲ့ တစ်ဦးတည်းသော မျှော်မှန်းချက်ဆိုတာကိုလည်း အစဉ် သတိရနေပါ၊ စိတ်တည်တည်ငြိမ်ငြိမ်ထားပြီးနေပါ၊ အချိန်မကျမချင်း တိုက်ပွဲမဝင်ပါနှင့်၊ သားတော်ဟာ သီရိလင်္ကာတစ်နိုင်ငံလုံးရဲ့ ဘုရင်ဧကရာဇ် ဖြစ်လာမှာ မြေကြီးလက်ခတ်မလွဲဘူး....။

"သားတော်ဟာ သားတော်ခေတ်ရောက်မလာမီကနှင့် သားတော်နောက်ပိုင်းခေတ် သီရိလင်္ကာမှာ စိုးမိုးအုပ်ချုပ်တဲ့ ဘယ်ဘုရင်နဲ့မှ နှိုင်းလို့မရအောင် ကြီးကျယ်တဲ့ ဘုရင်ဧကရာဇ်ဖြစ်လာလိမ့်မယ်၊ သားတော်ရဲ့ လက်ထက်မှာ ဗုဒ္ဓသာသနာတော်လည်း ထူးထူးခြားခြားထွန်းကားပြန့်ပွားလာလိမ့်မယ်၊ အဲဒါ မယ်တော့်ဟောကိန်းမဟုတ်ဘူး၊ စေတလပဗ္ဗမှာ သီတင်းသုံးနေတော်မူတဲ့ သီလက္ခန္ဓမထေရ်မြတ်ရဲ့ ဗျာဒိတ်စကားဖြစ်တယ်၊ အဲဒီမထေရ်မြတ်က သားတော်ဟာ လေးနှစ်တိတိ တိမ်းရှောင် ပုန်းကွယ်နေရလိမ့်

mgyoe.com

mgyoe.com
မယ်လို့လည်း ဟောထားတယ်"

မိဖုရားကြီးသည် ရုတ်တရက် အဝေးမျှော်ကြည့်လိုက်သည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် မျက်ရည်နှစ်ပေါက် စီးကျလာသည်။ ဦးခေါင်းခဲသည့်ဝေဒနာကိုလည်း အပြင်းအထန် ခံစားလာရသည်။ "ဘာဖြစ်လို့ ငိုနေတာလဲ မယ်တော်" သားတော်က မေးလိုက်သည်။

"လေးနှစ်ကြီးများတောင် မယ်တော် ဘယ်လိုလုပ် စောင့်ဆိုင်းနေနိုင်ပါ့မလဲ သားတော်"

❑

mgyoe.com

mgyoe.com

# အခန်း (၃)

တိဿဝါပိ လှိုင်းတံပိုးများသည် တစ်ဖက်ကမ်းမှအဆုံး အပိုင်းအခြားမရှိသော ရေပြင်တစ်လျှောက် လိမ့်လာကြပြီးလျှင် အခါမလပ်ထွက်ပေါ်နေသော တဝုန်းဝုန်း လှိုင်းပုတ်သံဖြင့် အနီးရှိ တာတမံကို လာရောက်ရိုက်ခတ်နေကြသည်။ တိဿစေတီပတ်လည်ရှိ ဘုရားမီးပူဇော်ထားသော စီတန်းနေသည့် မီးတိုင်များက မီးရောင်များသည် တောက်ပြောင်လောက်လောင်နေကြတုန်းပင် ရှိသေးသည်။ သန်းခေါင်ယံကျော်ရုံ ရှိသေးသည်။ စေတီတော်ရင်ပြင်၌ အရပ်မျက်နှာတိုင်းမှ ရောက်ရှိလာကြသော လူထုပရိသတ် ပြည့်ကျပ်နေသည်။ ဘုရားဝတ်ပြုပြီးသူများသည် ဒူရဝါပိ တာရိုးတစ်လျှောက်လျှောက်ပြီးလျှင် မီးရှူးတိုင်များ ထွန်းညှိထားသော ကွက်လပ်နေရာသို့ သွားကြသည်။ ကွက်လပ်နေရာ၌ ဆင်အော်သံများနှင့် မြင်းဟီသံများကို ကြားနေရသည်။

အရုဏ်မပျို့မီ နှစ်နာရီခန့် မင်္ဂလာအချိန်ကောင်းအခါကောင်း၌ သေရှ၏ အရှေ့မြောက်ဒေသသို့ ရှေ့ရှုသွားမည့် မဟာချီတက်ပွဲကြီး တာစထွက်သည်။ ကောင်းကင်တစ်ခွင်၌ လသာနေသည်။ ရာပေါင်းများစွာသော ဝိဟာရများမှ ခရုသင်းမှုတ်သံများ ထွက်ပေါ်နေကြသည်။

ကဏ္ဍုလဆင်တော်ကြီးသည် ဗုဒ္ဓ၏ဓာတ်တော် မွေတော်မြတ်ကိန်းဝပ်စံပယ်နေတော်မူသော ရတနာရွှေကြုတ်ကို သယ်ဆောင်လျက်

mgyoe.com

mgyoe.com

ရှေ့သို့ တရွေ့ရွေ့သွားနေသည်။ ကဏ္ဍုလဆင်တော်၏ ဘေးနှစ်ဖက် ထိပ်မှ သားတော် ဂါမဏိနှင့် သားတော် တိဿတို့က မြင်းကိုယ်စီနှင့် ချီတက်သွားကြသည်။ သားတော်နှစ်ပါးစီးသော မြင်းများမှာ ဖောင်းဝတ်မြင်းကြီးများဖြစ်သည်။ စစ်ဝတ်စုံအပြည့်ဝတ်ဆင်ထားသော သေနာပတိ နန္ဒိမိတြ စီးနင်းလိုက်ပါသွားသော မြင်းက ကဏ္ဍုလဆင်တော်၏ နောက်က လိုက်ပါသွားသည်။ သေနာပတိ၏ မြင်းနောက်တွင် အလံတော်ကိုလည်းကောင်း၊ ထီးဖြူတော်များကိုလည်းကောင်း၊ လက်နက်များကိုလည်းကောင်း၊ ကိုင်ဆောင်ထားကြသည့် တပ်ဖွဲ့ရှိနေသည်။ တပ်သားများသည် လေးယောက်တစ်တွဲ တန်းစီပြီးလျှင် ခြေလှမ်းမှန်မှန် ချီတက်နေကြသည်။ ယင်းတပ်ဖွဲ့နောက်က ဂီတအဖွဲ့ လေးဖွဲ့ လိုက်ပါသွားသည်။

ထောင်ပေါင်းများစွာသော လူထုပရိသတ်ကြီးသည် ဒူရဝါပီ ဘေးရှိ မြက်ခင်းပြင်ပေါ်၌ စုဝေးရောက်ရှိနေကြသည်။ ယင်း လူထုပရိသတ်ထဲတွင် သဃ်ဒတ္တလင်မယားနှင့် သီရိနာဂလင်မယားတို့လည်းပါသည်။ ထိုလင်စုံမယားဖက်နှစ်တွဲသည် စီတန်းချီတက်ပွဲကြီးကို ကောင်းချီးဟစ်ကြွေးသြဘာပေးနေကြသည်။ စီတန်းလှည့်လည်ပွဲကြီး၏ ထိပ်မှ ဓာတ်တော်ကြုတ်ကို သယ်ဆောင်လာသော ကဏ္ဍုလဆင်တော်ကြီးမှာ ဒူရဝါပီ တာရိုးတစ်လျှောက်ဖြတ်လျက် တိဿဝါပီဆည်သို့ ရောက်ရှိလာသောအခါ ဝါတော်အရ ကြီးစဉ် ငယ်လိုက် တစ်ပါးစီ တစ်ပါးစီ ကြွလာကြသော ရဟန်းသံဃာတော်များသည် စီတန်းလှည့်လည်ပွဲကြီး တွင် လာရောက်ပေါင်းစုံကြသည်။ ရဟန်းသံဃာတော်များကို ဦးဆောင်ပင့်လာသူမှာ ထေရပုတ္တာဘယ မထေရ်ဖြစ်သည်ဆိုသည်ကို သဃ်ဒတ္တ မြင်တွေ့ရသည်။ ပရိသတ်ကြီးက "သာဓု... သာဓု" ဟု ဟစ်ကြွေးကြသည်။

နာရီဝက်ခန့် ကုန်ဆုံးကျော်လွန်သွားသည်။ အမှောင်ကို ဖြည်းညင်းစွာ ဖယ်ရှားပစ်နေသော အရုဏ်ဦးရောင်ခြည်အောက်တွင် အဝါရောင် သင်္ကန်းဝတ်ရုံထားသော ရဟန်းသံဃာတော်များသည် ဒူရဝါပီ တာတမံနောက်ခံတွင် ထွင်းထုထားသော ရုပ်လုံး ရုပ်သွင်သဖွယ် ဖြစ်နေကြသည်။ ပထမဦးဆုံး နေရောင်ခြည်သည် ဒူရဝါပီ လှိုင်းများအပေါ် ဖြာကျလာသောအခါ ရဟန်းသံဃာတော်များ၏ နောက်ဘက်မှကပ်လျက် ကာကဝဏ္ဏ

mgyoe.com

mgyoe.com
တိဿမင်းကြီး သူ၏ ယာဉ်ရထားကြီးပေါ်တွင် လိုက်ပါလာသည်ကို ပရိသတ်များ တွေ့ရှိကြသည်။ ယာဉ်ရထားကြီးမှာ မြင်းလေးကောင် က, ထားသော အမိုးဖွင့် ယာဉ်ရထားကြီး ဖြစ်သည်။

ဘုရင်မင်းကြီးက သူ၏ ယာဘက်လက်ကို ဖော့ယမ်းပြီးလျှင် လူထု ပရိသတ်ကြီးကို နှုတ်ဆက်နေသည်ဖြစ်၍ လူထုပရိသတ်ကြီးကလည်း "သာဓု ..... သာဓု" ဟု တုံ့ပြန်ကြွေးကြော်နေကြသည်။ ဘုရင်မင်းကြီး၏ ယာဉ်ရထားနောက်မှ ဆင်တပ်ကြီးလိုက်ပါလာသည်။ ဆင်ကြီးများ၏ လည်ပင်းအောက်ဘက်ရှိ ခြူကလေးများသည် စည်းကိုက် ဝါးကိုက် မြည်နေကြသည်။ ဆင်တပ်ကြီး၏ ရှေ့တွင် မြင်းစီးပြီး လိုက်ပါသွားသော ဂေါထမ္ဘရ ကိုတွေ့ရသည်။ ဆင်တစ်စီး၊ တစ်စီးပေါ်တွင် စစ်သည် သူရဲကောင်းနှစ် ယောက်စီ လိုက်ပါလာပြီး ဆင်တစ်စီးစီ၏ ဘေးက စစ်သည်ဆယ်ယောက်စီ ရံပြီး ချီတက်သွားကြသည်။ နောက်ထပ် နာရီဝက် ကုန်ဆုံးကျော်လွန်သွားပြန် သည်။ ထိုအခိုက် စစ်သည် သူရဲ သူရနိမလသည် ယာဉ်ရထားတပ်ကြီးကို ကွပ်ကဲလာသည်။ သဃ်ဒတ္တနှင့် သီရိနာဂတို့က "ဇေတု .... ဇေတု၊ သူရဲ ကောင်းကြီး သူရနိမလ ဇေတု" ဟု ဟစ်အော်နှုတ်ဆက်လိုက်ကြသည်။

သူရနိမလ လှည့်ကြည့်လိုက်သောအခါ လူထုပရိသတ်ကြီးထဲက သူ၏မိတ်ဆွေသစ် သဃ်ဒတ္တနှင့် သီရိနာဂကို လှမ်းတွေ့ရသည်။ သူတို့နှင့် အတူ ရပ်ကြည့်နေကြသော သူတို့၏ ချစ်သူဇနီးများကိုလည်း တွေ့ရသည်။ ထိုဇနီး မောင်နှံများကို သူရနိမလကလည်း လက်ဖော့ယမ်းလျက် ပြန်လည် နှုတ်ဆက်လိုက်သည်။

သူရနိမလ၏ ယာဉ်ရထားတပ် တိဿဝါပိ တာရိုးရောက်ရှိသွား ပြီး ကွယ်သွားသောအခါ နွားလှည်းတပ် ငါးရာထဲက လှည်းတစ်ဝက် လောက်ကို မြင်လာရသည်။ နွားများတပ်ထားသော လှည်းများပေါ်တွင် လက်နက်များကို လည်းကောင်း၊ စေတီတည်ဆောက်ရန်အတွက် ပစ္စည်း ကိရိယာများကိုလည်းကောင်း၊ ကြီးမားများပြားသော လူထုပရိသတ်ကြီး အား လပေါင်းများစွာ ကျွေးမွေးရန်အတွက် စားနပ်ရိက္ခာများကိုလည်း ကောင်း တင်ဆောင်လာသည့် လှည်းတန်းကြီး အဆုံးသတ်သွားသည် အထိ ကြည့်ရှုရန်မှာ နှစ်နာရီကျော်ကျော်လောက် ကြာလိမ့်မည်ဟူ၍ သဃ်ဒတ္တက
mgyoe.com

mgyoe.com
တွေးတော စဉ်းစားကြည့်သည်။ သုမေဓာနှင့် ခေမာတို့သည် အချိန်ကြာမြင့်စွာ ရပ်နေကြရသည်ဖြစ်၍ ပင်ပန်းနွမ်းလျနေကြပြီ။ လှည်းတပ်ကြီး၏နောက်တွင် ခြေလျင်တပ် ချီတက်လာလိမ့်မည်။ ခြေလျင်တပ် ဆုံးသွားသည်အထိ ကြည့်ရှုရန်မှာ နောက်ထပ် အချိန်အတန်ကြာဦးမည်ဟု သီရိနာဂက ရှင်းပြသည်။ သို့ရာတွင် သဃ်ဒတ္တနှင့် သုမေဓာတို့သည် ချီတက်ပွဲအတွက် သူတို့လှူဒါန်းထားသော လှည်းဆယ့်နှစ်စီးကိုကြည့်ရှုရန် စိတ်အား ထက်သန်နေကြသည်။ သီရိနာဂနှင့် ခေမာတို့ကလည်း သူတို့လှူဒါန်းထားသည့် ဆန်အိတ်များကို သယ်ဆောင်သွားသော လှည်းကို ကြည့်ရန်အတွက် ထူးထူးခြားခြား စိတ်ပါဝင်စားနေကြသည်။

ခေမာသည် သူ့ယောကျ်ား ပခုံးကိုမှီလျက် သဃ်ဒတ္တတို့၏ အိမ်သို့ရောက်ရှိလာသည်။ သူ၏ခြေဖမိုးမှာ ရောင်နေသည်။ အိမ်ဖော်မိန်းကလေးက အနာသက်သာသင့်သလောက် သက်သာသွားစေရန် ရေနွေးဖြင့် ဆေးပေးနေသည်။ ချီတက်ပွဲကို ထိုအိမ်က ကြည့်လျှင်လည်း မြင်ရသားနှင့်ကဲပြီး လူထုပရိသတ်ကြားထဲသွားပြီး ကြည့်ရမည်လားဟု သူဒုက္ခခံခဲ့ရသည့်အတွက် ခေမာက တညည်းညည်းတညူညူနှင့် သီရိနာဂကို အပြစ်တင်နေသည်။

"ဒီအိမ်ကနေပြီး ချီတက်ပွဲကို ကြည့်ကြပါလားလို့ ကျုပ် မင်းတို့နှစ်ယောက်လုံးကို မပြောဘူးလား"

သီရိနာဂက မေးလိုက်သည်။

"ဒါလောက် ကြာလိမ့်မယ်လို့မှ ကျွန်မ မအောက်မေ့ဘဲ"

"အဲဒီလိုဆိုရင် ကျုပ်ကို ဘာဖြစ်လို့ အပြစ်တင်နေရသလဲ"

"ကျွန်မ ရှင့်ကို အပြစ်တင်တာမှ မဟုတ်ဘဲ၊ ကိုယ်ခံစားနေရတဲ့ဝေဒနာအကြောင်း ပြောပြတာ"

"ခေမာ ခုလို ဝေဒနာ ခံစားနေရတဲ့အတွက် သီရိနာဂကို အပြစ်တင် ထိုက်တယ်ဆိုတာ ကျုပ်လက်ခံတယ်"

သဃ်ဒတ္တ ရယ်လိုက်သည်။ ခေမာကိုလည်း ဝေဒနာ ခံစားနေရသည့်ကြားထဲက မရယ် ရယ်အောင်လုပ်လိုက်သည်။

ခေမာသည် အိမ်အပေါ်ထပ်မှ တခြားသူများနှင့် အတူတကွ

mgyoe.com

mgyoe.com

အိမ်ရှေ့ကဖြတ်ပြီး လေးယောက်တစ်တွဲ ရင်ပေါင်တန်း ချီတက်သွားသော ခြေလျင်တပ်သားများကို ကြည့်ရှုနေသည်။ အဆုံးမရှိ ချီတက်နေသော စစ်သည်တပ်သားတန်းကြီးဟု ထင်နေရသည်။

"လာ .... ညီမ"

သီရိနာဂက ခေါ်လိုက်သည်။ သုမေဓာ အိမ်အောက်ထပ် ဆင်းလာသောအခါ သီရိနာဂက မေးလိုက်သည်။

"ညီမကော ခေမာလို နေရထိုင်ရတာ အဆင်မပြေ ဖြစ်သေးလား"

"မြင်တယ်မဟုတ်လား သုမေဓာ၊ ယောကျ်ားတွေဟာ ကျွန်မတို့ ဒုက္ခရောက်တာကို ရယ်စရာလို့ပဲ သဘောထားနေကြတယ်"

ခေမာက မှတ်ချက်ချလိုက်သည်။ ခေမာသည် သူ့ယောကျ်ား သီရိနာဂကို မကျေမချမ်း ဖြစ်နေသည်။

သဃ်ဒတ္တ မျက်နှာမကောင်း ဖြစ်နေသည်။ သီရိနာဂက သဃ်ဒတ္တကို လှမ်းကြည့်ပြီး ပြုံးလိုက်သည်။

"အပြစ်တင်ချင်းတင်လျှင် သုမေဓာကို တင်သင့်တယ်။ ကျုပ်ကို မတင်သင့်ဘူး"

သီရိနာဂက ပြောလိုက်သည်။

"ကျွန်မကို ဘာဖြစ်လို့ အပြစ်တင်ရမှာလဲ၊ သီရိနာဂသာ အပြစ်တင်ထိုက်တဲ့လူဖြစ်တယ်"

သုမေဓာက ပြန်ချေသည်။

"ဟုတ်တယ်၊ အပြစ်တင်ထိုက်တဲ့ လူက သီရိနာဂ"

သဃ်ဒတ္တက ထောက်ခံလိုက်သည်။

သူမေဓာက ဟားခနဲ ရယ်လိုက်သည်။ ခေမာသည် သူ၏ ဝေဒနာ သက်သာသွားအောင် ကြိုးစားပြုံးပြပြီးလျှင် သုမေဓာအနီးသို့ လျှောက်သွားလျက် သုမေဓာကို လက်နှင့် ဆွဲပြီး အထိုင်ခိုင်းလိုက်သည်။

"ကျွန်မတို့ထဲက ဘယ်သူမှ အပြစ်မရှိပါဘူး။ တတိယလူ ပေါ်မလာမချင်း စောင့်ကြည့်ကြပါဦး"


mgyoe.com

mgyoe.com

## အခန်း (၄)

ညနေစောင်းအချိန် သီရိနာဂသည် သူ၏ ဇနီးနှင့်အတူ အိမ်ပြန်လာသည်။ ခေမာသည် အတော်ပင် မောပန်းနေပုံရသည်။ လှည်းပေါ်မှ ဆင်းပြီးလျှင် သူ့အခန်းထဲ တန်းဝင်သွားသည်။ သူ့သခင်မကို စောင့်မျှော်နေသော အိမ်ဖော်မလေး ဒတ္တာသည် ကပျာကယာ အခန်းသို့သွားပြီးလျှင် အခန်းတံခါးနှင့် ပြတင်းပေါက်များကိုဖွင့်လျက် ခေမာလဲဝတ်ရန် နူးညံ့ပျော့ပျောင်းသော ကိုယ်ရုံအဝတ်ကို ယူလာပေးသည်။

ဒတ္တာက ပြောလိုက်သည်။

"ဒေဝီမောလာတယ် ထင်တယ်။ ဒေဝီသောက်ဖို့ ကျွန်မ ဘာယူလာခဲ့ရမလဲ"

"ငါ ဘာကြိုက်တယ်ဆိုတာ ညည်းသိပါတယ်"

အဝတ်လဲဝတ်ပြီးလျှင် ခေမာသည် အိပ်ရာပေါ်တွင် လှဲနေလိုက်သည်။ အိပ်ရာပေါ် လှဲနေရင်းကပင် ဒေဝတ ဂူအပေါ်က ကိရိဝိဟာရစေတီကို လှမ်းမျှော်ကြည့်နေသည်။ ထီးတော်၏အပေါ်ဘက်၌ တိမ်ဖြူတစ်စသည် တဖြည်းဖြည်းရွေ့လျားနေသည်။ လေအလာတွင် ရွေ့လျားနေသော တိမ်လွှာ တိမ်စများကို ငေးမျှော်ကြည့်ရှုနေရင်း ခေမာသည် သယ်ဒတ္တနှင့်

mgyoe.com

mgyoe.com

သူမေဓာတို့ကို သတိရနေသည်။

အိမ်ဖော်မကလေး ဒတ္တာသည် လင်ဗန်းထဲတွင် သူရိယရွက်ရာလပတ်ရည်ခွက်နှင့် ကြံသကာခဲပန်းကန်ကို ထည့်ပြီးယူလာသောအခါ သူ့သခင်မ ပြတင်းပေါက်က အဝေးသို့ ငေးမျှော်ကြည့်ရှုပြီး ပြုံးနေသည်ကို တွေ့မြင်ရသည်။ သူ့ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့သခင်မ၏အပြုံးသည် ရောင်တခင် ပျောက်ကွယ်သွားသည်။ အိမ်ဖော်၏ ရှေ့တွင် သူ့ဘာသာသူ ပြုံးနေသည်ကို ရှက်သွားပုံရသည်။

"တိဿဝခရီးက တော်တော် ပျော်စရာကောင်းတယ် ထင်တယ်။ ကျွန်မကိုပါ ခေါ်သွားရင် ကျွန်မလည်း အဲဒီနှစ်ရက် အတောအတွင်း ဘယ်လောက်ပျော်မလဲ။ အဲဒီအချိန်အတောအတွင်း အိမ်မှာနေရတာ ကျွန်မ သိပ်ပျင်းတာပဲ"

"မဟာချီတက်ပွဲကြီးကို ညည်းမကြည့်ဘူးလား"

"ကြည့်တော့ ကြည့်ပါတယ်။ ဒါပေမဲ့ အဘိုးကြီး ဒီနေသ,က ကျွန်မ ကြည့်ချင်သလောက် ကြည့်ခွင့်မပေးဘူး။ ခြံဝင်းထဲက လှမ်းကြည့်ခွင့်တောင် မပေးဘူး။ ဒေဝီသာ ဒီမှာရှိရင် စစ်သည်တော်တွေကို သြဘာပေးဖို့ ကျွန်မကို ခွင့်မပြုဘဲ နေမှာမဟုတ်ဘူး"

ဒတ္တာသည် သူရိယရွက် ဖျော်ရည်ထည့်ထားသော ခွက်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် သူ့သခင်မအား ပေးလိုက်သည်။ ကြံသကာခဲပန်းကန်ကိုလည်း သူ့သခင်မရှေ့ တိုးပေးလိုက်သည်။

"ဘာရည်တွေလဲ ဒတ္တာ"

"သူရိယရွက် ဖျော်ရည်လေ၊ ကြံသကာခဲကလေးတွေကလည်း သိပ်အရသာရှိတယ်။ ဒေဝီအကြိုက် ဖျော်ရည်မဟုတ်လား"

ခေမာသည် ကြံသကာခဲကို ကိုက်ပြီး ဖျော်ရည်ကို တစ်ကျိုက်၊ နှစ်ကျိုက် သောက်လိုက်သည်။ ဒတ္တာက သူ့သခင်မ အနီးတွင် ထိုင်ကြည့်နေသည်။

"ဒေဝီ၊ အဘိုးကြီး ဒီနေသ, က ပြောတယ်။ ချီတက်ပွဲကြီးက ဘာသာရေး ချီတက်ပွဲမဟုတ်ဘူး၊ မြောက်ပိုင်းမှာရှိနေတဲ့ စောလတွေကို တိုက်ထုတ်ဖို့သွားတဲ့ စစ်ချီတက်ပွဲကြီးဆို၊ သူပြောတာ ဟုတ်ရဲ့လား"

mgyoe.com

mgyoe.com


"စစ်တိုက်ဖို့ ထွက်ခွာသွားတဲ့ ချီတက်ပွဲတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စစ်တိုက်စရာရှိရင်လည်း လက်နှေးနေမယ့် စစ်တပ်မဟုတ်ဘူး ဆိုတာတော့ ငါသိတယ်"

"တကယ်လို့ စစ်ပွဲဖြစ်ရင် ကျွန်မတို့ ဘက်က အနိုင်ရမယ်ဆို တာတော့ ကျိန်းသေတယ်လို့ ကျွန်မထင်တယ်"

"ညည်း စစ်နိုင်ပါစေလို့ ဆုမတောင်းလိုက်ဘူးလား"

"ဆုတောင်းချိန်တောင် မရလိုက်ပါဘူး။ သားတော် ဂါမဏိနှင့် သားတော် တိဿတို့က ရှေ့ဆုံးက မြင်းစီးပြီး ချီတက်သွားကြတယ်။ သားတော် ဂါမဏိက ကျွန်မတို့အိမ်ကို လှမ်းကြည့်သွားတယ်။ သူ ကြည့် လိုက်တော့ ကျွန်မ လန့်သွားပြီး ကွယ်နေလိုက်တယ်။ အဲဒီအချိန်က ဒေဝီ သာ အိမ်မှာရှိရင် ကျွန်မ ပုန်းကွယ်နေမှာ မဟုတ်ဘူး။ သားတော်ကို ကြည့်ပြီး ဒေဝီပြုံးရင် ကျွန်မလည်း မပြုံးဘဲ နေမှာမဟုတ်ဘူး။ ကျွန်မ ထူးဆန်းတာ တစ်ခု တွေ့မြင်လိုက်ရတယ်။ ကျွန်မ အိမ်ပေါ်ထပ်က ကြည့်နေတယ်။ မိန်းကလေးတစ်ယောက် လူအုပ်ထဲက တိုးထွက်သွားပြီး သားတော် တိဿ ထံ သရက်သီးတစ်လုံး ပစ်ပေးလိုက်တယ်။ ဒါပေမဲ့ သရက်သီးကို သားတော် တိဿက ဖမ်းမယူနိုင်ဘဲ သားတော် ဂါမဏိက ဖမ်းယူလိုက်တယ်။ ကျွန်မ ကြည့်နေတယ်။ သားတော်ဂါမဏိက သူ့ ခါးကဓားကိုယူပြီး ဓားနှင့် သရက် သီးကို နှစ်ခြမ်းခွဲလိုက်တယ်။ သားတော် တိဿကို တစ်ခြမ်းပေးပြီး တစ်ခြမ်း ကိုတော့ သူကိုယ်တိုင် စားပစ်လိုက်တယ်"

"အဲဒါ ဘာထူးဆန်းလို့လဲ ဒတ္တာ"

"အညတရတစ်ယောက်ယောက် ပေးတဲ့ သရက်သီးကို သားတော် ဂါမဏိလို တကယ့်ပုဂ္ဂိုလ်က ခွဲပြီးစားလိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ကျွန်မလည်း သရက်သီးမှည့်ကိုတော့ ကြိုက်ပါတယ်။ ဒါပေမဲ့ သားတော် ဂါမဏိဟာ သရက်သီးစိမ်းကို မြိန်ရေရှက်ရေစားနေလိုက်တာ။ အဲဒါကို တွေ့ရတော့ ထိးညွှန့်နန်းလျာ ဘုရင့်သားတော်တစ်ပါးရဲ့ အလိုဆန္ဒ ကလည်း ငါတို့လို ကျွန်မတွေနှင့် ဘာမှ မခြားပါလားလို့ တွေးမိတယ်"

ခေမာသည် မိန်းကလေးကို အနီးကပ်ကြည့်ပြီးလျှင် အိပ်ရာပေါ်က ပင် ဖျော့ရည်ကုန်သွားပြီဖြစ်သည့် ဖျော်ရည်ခွက်ကိုလှမ်းပေးလိုက်လေသည်။

mgyoe.com

mgyee.com

"ဒေဝီ၊ ကျွန်မလည်း သိပ်ပြုံးချင်တယ်၊ ဒါပေမဲ့ ဒီအိမ်မှာ ကျွန်မနှင့် အတူပြုံးချင်တဲ့ လူတစ်ယောက်မှ မရှိဘူး။ ကျွန်မအခန်းထဲ ဝင်လာတော့ ဒေဝီတစ်ယောက်တည်း ဘာကြောင့်ပြုံးနေတာလဲ။ ဒေဝီရဲ့ လျှို့ဝှက်ချက်ကို ကျွန်မလည်း သိချင်လိုက်တာ၊ ဒေဝီရဲ့ လျှို့ဝှက်ချက်ကို သိရရင် ကျွန်မလည်း မပျော်ဘဲနေမှာ မဟုတ်ဘူး"

ဒတ္တာသည် ပွင့်လန်းဝေဆာနေသော ပျိုရွယ်မှုကြောင့် ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားနေသူဖြစ်သည်။ ရုပ်ရည်ကလည်း သနားကမား ဖြစ်သည်။ ပျော်တတ်ပါးတတ်သော ဝါသနာလည်းရှိသည်။ ဒတ္တာ အာသီသရှိနေသောအရာသည် လုလင်ယောကျ်ားလေးတစ်ယောက်ယောက်နှင့် တွဲလိုခြင်း ဖြစ်သည်ဆိုသည်ကို ခေမာက ကောင်းကောင်းနားလည်သဘောပေါက်ထားသည်။

"ငါတို့ မဟာဂါမသွားတုန်းက လမ်းမှာ ငါ့ယောကျ်ား ပြောတာကို သတိရလို့ ပြုံးတာပါ"

"အစ်ကိုက ဘာပြောပြလို့လဲ ဒေဝီ"

"ညည်းယောကျ်ားလေး တစ်ယောက်ယောက်နှင့် လက်ထပ်တဲ့အခါကျတော့မှ ငါ ညည်းကို ပြောပြမယ်"

အပိုးမကျိုးသော ပျံတံတံနန့်တန့်တန့် မိန်းကလေး၏ မျက်နှာအမူအရာ ရုတ်တရက်ပြောင်းလဲသွားသည်ကို ခေမာ သတိထားမိသည်။ ယင်းသို့ မျက်နှာအမူအရာပြောင်းလဲသွားခြင်းမှာ လက်ထပ်ထိမ်းမြားခြင်းသည် အိမ်ကြီးရခိုင်များ၌ အစေခံအဖြစ် အလုပ်လုပ်နေကြသော ကျွန်မများအတွက် စိတ်ကူးယဉ်အိပ်မက်သက်သက်သာဖြစ်သည့်အတွက်ဟူ၍ ခေမာ တွေးကြည့်သည်။

"ဒတ္တာ၊ ညည်းဘာဖြစ်လို့ ရုတ်တရက် မျက်နှာမကောင်းဖြစ်သွားရတာလဲ"

ဒတ္တာက စကားတစ်ခွန်းမှ ပြန်မပြောပေ။ ထောင့်တစ်ထောင့်သွားပြီး ငိုပစ်လိုက်ချင်သည့်စိတ်သာ ပေါက်နေဟန်တူသည်။

"ပြောလေ ဒတ္တာ"

"ဒေဝီ၊ ကျွန်မတို့လို မိန်းကလေးအတွက် အိမ်ထောင်ရက်သား

mgyee.com

mgyoe.com


ကျဖို့ဆိုတာ ကိုယ့်နားရွက် ကိုယ်ကြည့်သလို ကြည့်လေ ဝေးလေပဲ။ ယောကျ်ားကလေးတွေကိုတောင်မှ ကျွန်မ မကြည့်ဘူး။ လမင်းကိုရဖို့ ကြိုးစားသလို ရူးတာ မိုက်တာသာ အဖတ်တင်မယ်။ ဒေဝိက မွေးလာတဲ့ ကလေးကိုပဲ ကိုယ့်ရင်သွေးလို ကျွန်မ နမ်းမယ်၊ မြှူမယ်၊ ချစ်မယ်၊ ပြုစု ယုယမယ်၊ ကျွန်မက သူတစ်ပါးအိမ်က အစေခံကျွန်ပါ။ လွန်ခဲ့တဲ့ သုံး နှစ် ကျွန်မ ငယ်ရွယ်စဉ်က ကျွန်ကုန်သည်တစ်ယောက် ကျွန်မတို့ ဥဒုန္ဒရ ရွာလာပြီး ကျွန်မအဖေဆီက ကျွန်မကို ဝယ်ယူသွားတယ်။ ကျွန်မတို့ မိန်းကလေး ဆယ့်နှစ်ယောက်ကို ဝယ်သွားပြီး ကျွန်ကုန်သည်က ကျွန်မ တို့ကို ဒီကအိမ်တွေမှာ ရောင်းစားတယ်။ ဒီအိမ်က မင်းသားက ကျွန်မကို ဝယ်ယူတယ်။ ဒီအိမ်မှာပဲ ကျွန်မ အရွယ်ရောက်လာတယ်။ မင်းသားနှင့် သဘောထားပြည့်ဝတဲ့ သူ့မယ်တော်က ကျွန်မအပေါ် စေတနာထားကြပါ တယ်။ ကျွန်မကိုယ်ကို ကျွန်မ မပိုင်ပါဘူး။ ကျွန်မကိုယ်ကို ပိုင်တဲ့ လူက မင်းသားပါ။ ဒီအိမ်ရဲ့ ဝေယျာဝစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးဖို့မှတစ်ပါး ကျွန်မမှာ တခြားတာဝန် လုံးဝမရှိပါဘူး"

ဒတ္တာသည် ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး ရှိုက်နေသည်။ ခေမာ သည်း အကြီးအကျယ် စိတ်မကောင်းဖြစ်သွားသည်။ သွေးသားဆာလောင် မွတ်သိပ်မှုသည် သက်ရှိသတ္တဝါအားလုံးအတွက် တစ်ညီတစ်ညာတည်း ဖြစ်သည် ဆိုသည်ကို ခေမာနားလည်သည်။ ကျွန်မများကိုမှ ကွက်ပြီး ယင်းမွတ်သိပ်မှုကို ပိတ်ပင်တားမြစ်ထားခြင်းသည် ကြီးစွာသော ရာဇဝတ် ပြစ်မှု ဖြစ်ပေလိမ့်မည်။ မိန်းမတိုင်း မိန်းမတိုင်း၏ အလိုဆန္ဒသည် ရမ္မက် ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးလိုရုံမျှသာမကဘဲ အာဝေဏိက ဒုက္ခ ဝေဒနာကို ခံစားပြီး မိမိတို့၏ ပဒုမ္မာကြာတိုက်ခန်းတွင်း၌ သန္ဓေတည်နေ သော ရင်သွေးတို့၏ နွေးထွေးမှုကိုလည်း အရသာခံလိုခြင်းဖြစ်သည်။ ယင်း အလိုဆန္ဒသည် ဒတ္တာနှင့် မအပ်စပ်သလို ဖြစ်နေသည်။

ခေမာက အားပေးလိုက်သည်။

"အားမငယ်ပါနှင့်ကွယ်။ ညည်းကို ငါ နားလည်ပါတယ်။ မြတ် စွာဘုရား ဟောကြားဆုံးမထားတာတွေက ညည်းကို နားလည်ဖို့ ငါ့ကို သင်ပြပေးနေပါတယ်။ ဘုရင့်သားတော်ရဲ့ အကူအညီနှင့် ငါညည်းကို

mgyoe.com

mgyee.com


ထိုက်သင့် ထိုက်တန်တဲ့ ယောကျ်ားလေးတစ်ယောက်နှင့် လက်ထပ်ပေးမယ်။ ဒီအိမ်ကလည်း တခြားမသွားစေရဘူး"

ဒတ္တာသည် သူ၏ သခင်မကို အံ့သြသော အမူအရာဖြင့် ကြည့်နေသည်။ ခေမာသည် ဒတ္တာ၏ဆံပင်ကို လက်ချောင်းကလေးများဖြင့် သပ်ပေးနေသည်။

"ကျွန်မ လက်ထပ်ရင် ကလေးမွေးလာမှာလား"

"ဘာဖြစ်လို့ မမွေးရမှာလဲ"

"အဲဒီလိုဆိုရင် ကိုယ့်ကလေးတွေကို ကျွေးမွေးပြုစုပြီး ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ထားနိုင်ခွင့်ရှိမယ် မဟုတ်လား"

"ဘာဖြစ်လို့ မရှိရမှာလဲ"

"ကလေးတွေကို ဘယ်သူက ပိုင်မှာလဲ"

"ညည်းနှင့် ညည်းယောကျ်ားမှတစ်ပါး တခြားဘယ်သူက လာပိုင်ဦးမှာလဲ" အိမ်စေမလေး ဒတ္တာသည် သူ့နားကိုပင် သူမယုံကြည်ပေ။ ကျွန်မမိန်းကလေးကို လက်ထပ်ပေးသည်ဆိုသည်ကို သူတစ်ခါမှ မကြားဘူးပေ။

"ဒေဝီ တကယ်ပြောတာလားဟင်"

"ထပါတော့ ဒတ္တာ၊ ပျော်ပျော်နေစမ်းပါ။ ညည်းကို ငါညာပြောတာ မဟုတ်ဘူး။ တကယ်ပြောတာ။ ငါ ညည်းကို ယောကျ်ားရှာပေးမယ်၊ ငါတို့လိုပဲ ညည်းလည်း လွတ်လပ်တဲ့ဘဝနှင့် ပျော်ပျော်ပါးပါးနေသွားရမယ်၊ သိလား"

ဒတ္တာသည် မျက်လုံးမှိတ်ထားပြီးလျှင် သူ့ရင်ဘတ်ကို လက်နှင့်ဖိလျက် သက်မချလိုက်လေသည်။

ဒတ္တာသည် အခန်းထဲကထွက်သွားပြီးလျှင် အိမ်အပေါ်ထပ် တက်လျက် ခဏရပ်ပြီး သူ့မျက်လုံးကို ပွတ်လိုက်သည်။ ထို့နောက် သူ့ကို စောင့်ကြည့်နေသူ ရှိမရှိ ဘေးဘက်ကို စောင်းကြည့်လိုက်ပြီးလျှင် သူ့အခန်းထဲ ပြေးဝင်သွားပြီး တစ်ကိုယ်တည်း ပြုံးနေသည်။ မိမိပြုံးနေသည်ကို သိရသောအခါ မိမိမျက်နှာပေါ်က အပြုံးကို မိမိကိုယ်တိုင် ကြည့်ရှုလိုသည့်ဆန္ဒဖြစ်ပေါ်လာသည်။

ဒတ္တာသည် သူ့သခင်မက သူ့ကိုပေးထားသော ကြေးမုံကို ယူ

mgyee.com

mgyoe.com


လျက် ကြမ်းပြင်ပေါ်၌ ကြေးမုံကိုထားပြီးလျှင် ဒူးထောက်ပြီး ကြေးမုံကို ကြည့်လိုက်သည်။ အကျည်းတန်သော မျက်နှာသွင်ပြင်သည် ရုတ်တရက် ချစ်စရာမျက်နှာသွင်ပြင်အဖြစ် ပြောင်းသွားသလို ဖြစ်နေသော ကြေးမုံထဲက ရုပ်ပုံသွင်ပြင်ကို တွေ့မြင်ရသည်ဖြစ်၍ အားရဝမ်းသာ ဖြစ်သွားသည်။ မျက်စိ တစ်ဖက် မှိတ်ပြီး သူ့ရုပ်ပုံကို တစ်ဖန်ကြည့်ပြန်သည်။ ကြေးမုံအပေါ်တွင် ငုံ့ပြီးလျှင် မျက်စိပေါ်တွင် ဖရိုဖရဲဖုံးအုပ်နေသော ဆံစများကို ပါးစပ်နှင့် ကိုက်လျက် နှုတ်ခမ်းစူပြီး မျက်နှာမဲ့ရွဲ့နေလျှင် သူ၏ ပုံသဏ္ဍာန် မည်ကဲ့သို့ နေမည်နည်းဟု စမ်းကြည့်လိုက်ပြန်သည်။ သူ့ရုပ်ပုံကို တွေ့မြင်ရသောအခါ သူ့ဘာသာသူရယ်သည်။ သူ့ကို တစ်စုံတစ်ယောက်ကများ ကြည့်နေသလား ဟု ဘေးပတ်လည်ကို ကြည့်လိုက်သည်။ တံခါးဝ၌ သူ့သခင်မ ပြုံးပြီးရပ် နေသည်ကို တွေ့ရသည်ဖြစ်၍ ရှက်သွားပြီး ဒတ္တာသည် ခရုခွံထဲဝင်သွားသော ခရုကဲ့သို့ ဒူးနှစ်ဖက်ကြားထဲတွင် မျက်နှာကို ဝှက်ထားလိုက်လေသည်။

ခေမာသည် အပြုံးမပျက်ဘဲ သူ့အခန်းထဲပြန်လာပြီးလျှင် အိပ်ရာ ပေါ်တွင် လှဲချလိုက်သည်။ အခိုင်းခံ အစေခံမျှသာ ဖြစ်ကြသော ကျွန်မများ အပေါ်တွင် မိမိအဘယ်ကြောင့် လူသားချင်း စာနာထောက်ထားသည့်စိတ် ပေါ်ပေါက်နေသနည်းဟု ခေမာ သူ့ကိုယ်သူအံ့ဩနေမိသည်။ ရဟန်းတော် တစ်ပါးသည် သူနှင့် သူ့ယောကျ်ားအား ကျေးကျွန်များအား လွှတ်ပစ်ရန် သို့မဟုတ် လူသားချင်း ငဲ့ညှာထောက်ထားရန် ဆုံးမသွန်သင်ခဲ့ဖူးသည်ကို ခေမာ သတိမရပေ။ သူ့နှလုံးသားကို နူးညံ့သိမ်မွေ့အောင်လုပ်သည့် အမြဲ မပြတ် ဖူးတွေ့နေရသော ကိရိဝိဟာရဘုရား၏ မွန်မြတ်သော ဩဇာအရှိန် အဝါကြောင့် ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ထင်သွားသည်။

ခေမာသည် ကိရိဝိဟာရ စေတီ၏ အုတ်ဖိနပ်၌ ရှိသော သုံးပွင့် ဆိုင်အဝိုင်းသုံးခုကိုလည်းကောင်း၊ စေတီ၏ ထီးတော်တွင် ပူဇော်ထားသော ရတနာကိုလည်းကောင်း လှမ်းမျှော်ကြည့်ရှုနေသည်။ ကမ္ဘာတစ်ခြမ်း ပုံသဏ္ဍာန် အဝိုင်းသုံးခုသည် လောကီလူ့ဘုံကို၊ ရုပ်လောကနှင့် နာမ်လောက ကို သရုပ်ဖော်ထားသည်။ ပူစီဖောင်းပုံသဏ္ဍာန် လိပ်ခုံးပေါ်၌ ရှိနေသော လေးဖက်လေးတန်၌ ဗောဓိညောင်ရွက်လေးရွက် ပုံဖော်ထားသည့် လေး ထောင့် 'ဒေဝတာကိုတုဝ' သည် သစ္စာလေးပါးတရားကို ဖော်ပြနေသည်။

mgyoe.com

mgyoe.com

ယင်း၏ အပေါ်တွင် ရှိနေသော ရှစ်မြှောင့်အထွတ်သည် 'အရိယအဋ္ဌင်္ဂိကမဂ္ဂ' မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းနေသည်။ အထွတ်တွင် ပူဇော်ထားသော ရတနာမှာမူ 'ပရမသုခ' ဖြစ်သော နိဗ္ဗာန်ကို အစိပ္ပာယ်ဆောင်နေသည်။

ခေမာသည် ကိရိဝိဟာရ စေတီထိပ်တွင် ပူဇော်ထားသော ဝင်းလဲ့တောက်ပနေသည့် ရတနာကို မြင်ရသည့်အခါတိုင်း မြတ်စွာဘုရားထံ အာရုံရောက်ရောက်သွားသည်။ မြတ်စွာဘုရားသည် လူသားတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ထိန်းချုပ်ကွပ်ကဲထားရန်အတွက် လည်းကောင်း၊ သတ္တဝါအားလုံး၏ အကျိုးရှိရာရှိကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသည့်ဘဝဖြင့် နေထိုင်သွားရန်အတွက် လည်းကောင်း ဟောကြားမိန့်မှာတော်မူခဲ့သည်။ မိမိ၏ စိတ်နှလုံးနူးညံ့ ပျော့ပျောင်းအောင် လုပ်ရာ၌ အကူအညီပေးတော်မူသော စေတီတော်မြတ်သည် လူသားအားလုံးအတွက် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်၏ သင်္ကေတသဖွယ် ဖြစ်နေသည်ဟူ၍ ခေမာတွေးနေမိသည်။

ခေမာသည် မျက်လုံးမှိတ်ထားသော်လည်း စိတ်နှလုံးကမူ သဃ်ဒတ္တထံ ရောက်နေသည်။ သဃ်ဒတ္တအား လေးစားမြတ်နိုးခြင်းသည် သူတို့နှစ်ဦးအား စည်းနှောင်ထားသည့် နှောင်ကြိုးသဖွယ် ဖြစ်နေသည်။ သဃ်ဒတ္တ၏အမူအကျင့်သည်လည်းကောင်း၊ စကားပြောပုံ၊ ကြည့်ပုံ အမူအရာတို့သည်လည်းကောင်း ခေမာ၏ နှလုံးသားထဲတွင် နက်ရှိုင်းစွာ ထင်ဟပ်နေကြသည်။

သီရိနာဂလည်း ကျက်သရေရှိသော လူတော်လူကောင်းတစ်ယောက်ဖြစ်သည်။ ခေမာ သဃ်ဒတ္တကို အာရုံစူးစိုက်မိနေခြင်းမှာ သဃ်ဒတ္တ၏ ကိုယ်ဟန်အနေအထား တင့်တယ်သောကြောင့် မဟုတ်ပေ။ ဥပဓိရုပ်ကောင်းသောကြောင့် မဟုတ်ပေ။ စိတ်ရင်းစေတနာကောင်းသောကြောင့်သာ ဖြစ်သည်။

ကာမပိုင် လင်ယောကျ်ားရှိနေပါလျက်နှင့် ယောကျ်ားတစ်ပါးအား စိတ်ပါဝင်စားခြင်းသည် လော်လည်ဖောက်ပြားခြင်းများ ဖြစ်နေမည်လားဟူ၍ ခေမာတွေးတောကြည့်သည်။ သို့သော်လည်း ယင်းသို့ လုံးဝမဖြစ်နိုင်ဟူ၍ ခေမာသည် သူ့ဘာသာသူအကြောင်းပြသည်။ မိမိ၏ စိတ်ဆန္ဒသည်

mgyoe.com

mgyoe.com

သဃ်ဒတ္တအား ကာမဂုဏ်စိတ်ဖြင့် ချစ်လိုသည့် စိတ်ဆန္ဒမျိုးမဟုတ်ပေ။ သဃ်ဒတ္တလို လူတော်လူကောင်းတစ်ယောက်အကြောင်းကို တွေးတော သတိရခြင်းသည် အပြစ်ဖြစ်ပါသလော။ ယင်းသို့ဖြစ်ပါက မဟာသူတော်စင် တစ်ပါးပါး၏ အကြောင်းကိုတွေးတောသတိရခြင်းသည်လည်း အပြစ်ဖြစ် မနေနိုင်ဘူးလော။

သီရိနာဂသည် ခေမာ၏ အခန်းထဲ ဝင်လာသည်။ ရေချိုးလာခဲ့ သည်ဖြစ်၍ မျက်နှာကို မျက်နှာသုတ်ပဝါနှင့် သုတ်နေသည်။ သူ့ယောကျ်ား ခြေသံကို ကြားရသည်ဖြစ်၍ ခေမာမျက်လုံးဖွင့်လိုက်သည်။ သို့ရာတွင် သီရိ နာဂကို လှည့်မကြည့်ပေ။ သီရိနာဂသည် ပထမဦးစွာ ခေမာကို ကြည့်လိုက် သည်။ ထို့နောက် ပြတင်းပေါက်မှ ကိရိဝိဟာရစေတီတော်ကို လှမ်းကြည့် လိုက်သည်။

ပခုံးပေါ် မျက်နှာသုတ်ပဝါတင်လျက် သီရိနာဂသည် တိတ်ဆိတ် ငြိမ်သက်စွာ ရပ်နေသည်။

ခေမာသည် မျက်လုံးတစ်ခုတည်းဖြင့် စေတီတော်ကို ဖူးမြော်နေ ခြင်းမဟုတ်ဘဲ စိတ်ရောကိုယ်ပါ လူတစ်ကိုယ်လုံး စေတီတော်ထံ ချဉ်းကပ် ရောက်ရှိနေသည်ဟူ၍ပင် ပြောရလိမ့်မည်။

ခေမာသည် ဘုရားတရား အလွန်ကြည်ညိုသော မိန်းမဖြစ်သည်။ သူ၏ သဒ္ဓါတရားသည် သူကိုးကွယ်ဆည်းကပ်သော ဘာသာတရားအထိ သာ သတ်မှတ်ပိုင်းခြားထားခြင်း မရှိပေ။ သူ့ထက်အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ မိမိလင်ယောကျ်ားကိုလည်းကောင်း အလွန် တရာ လေးစားမြတ်နိုးသည်။

ခေမာကိုယ်ဝန်ဆောင်နေသော သန္ဓေသားသည် သူရသတ္တိရှိသော၊ ရဲဝံ့စွန့်စားသော၊ လိမ္မာသော သားတစ်ယောက်ဖြစ်ရမည်ဟူ၍ သီရိနာဂ ခန့်မှန်းထားသည်။ ကိုယ်ဝန်ဆောင်နေသော သူ့မယား၏ ဘာသာတရားနှင့် စေတီပုထိုးများကို ကိုင်းရှိုင်းခြင်းသည် ဝမ်းဗိုက်အတွင်း၌ ရှိနေသော သား၏ အပေါ်တွင်လည်း နူးညံ့ပျော့ပျောင်းသော အကျိုးသက်ရောက်မှု ရှိလာနိုင် သည်ဟူ၍ သီရိနာဂက တွေးမိသည်။ လောကီအာရုံ ခုံမင်တွယ်တာခြင်း မရှိဘဲ တရားဘက်၌သာ အာရုံရောက်နေသော သားမျိုးသည် သီရိနာဂ

mgyoe.com

mgyoe.com

မွေ့လျော်လင့်ထားသော သားမျိုးမဟုတ်ပေ။ သူ့မယား၏ အိပ်ရာကို အခြားတစ်နေရာသို့ အချိန်မီ ရွှေ့ပြောင်းထားမှတော်မည်ဟူ၍ စဉ်းစားမိသည်။

"ဘယ်လိုလဲ ကျောင်းအမကြီး၊ ဇာတိ၊ ဇရာ၊ မရဏ ရှောင်ကွင်းလို့မရတဲ့ သံသရာကို ထိတ်လန့်ကြောက်ရွံ့ပြီး တရားရနေသလား" သီရိနာဂသည် မချိမချဉ်မျက်နှာထားဖြင့် ပြောင်သလို စသလို ပြောလိုက်သည်။ ခေမာက သီရိနာဂကို လှမ်းကြည့်လိုက်သည်။ အတွေးနယ်ချဲ့နေသည်ဖြစ်၍ သီရိနာဂအား သတိမမူမိသလို ဖြစ်သွားခဲ့သည်။ ခေမာသည် တစ်ဖက်လှည့်နှင့် ဖြတ်ထိုးညဏ်သုံးလိုက်သည်။

"ခဏလေးနေပါဦး၊ ကျွန်မ ရှင်သောက်ဖို့ တစ်ခုခု ယူလာခဲ့မယ်။ ကျွန်မပြန်မလာခင် ကျွန်မလုပ်သလို စေတီတော်ကို ဖူးမြော်နေစမ်းပါ"

"ဘာဖြစ်လို့လဲ"

"ရှင့်စိတ်နှလုံး ပိုပြီး ပျော့ပျောင်းသွားအောင်"

ခေမာအခန်းထဲက ထွက်သွားသည်။ သီရိနာဂသည် ကိရိဝိဟာရ စေတီတော်အား မဖူးချင်ဖူးချင် လှမ်းဖူးနေသည်။

ဆည်းဆာချိန်ရောက်လာပြီ။ စေတီ၏ ထီးတော်သည် ဆည်းဆာနေရောင်ခြည်ဟပ်သဖြင့် တောက်ပနေသည်။ ဗျိုင်းတစ်အုပ်သည် စေတီတော်၏ အထွတ်တစ်ဝိုက်က ဖြတ်လျက် မြားသဏ္ဌာန်ပျံသန်းသွားကြသည်။ ဝါဂွမ်းစကဲ့သို့သော တိမ်စတစ်စသည် တရွေ့ရွေ့ ရွေ့လျားသွားပြီးလျှင် ကောင်းကင်ပြာကို မပီမသဖြစ်အောင် ပြုလုပ်လိုက်သည်။ တိမ်တိုက်တစ်တိုက်သည် တစ်စစီဖြစ်သွားပြီးလျှင် ကောင်းကင်ပြာတွင် အကြားအပေါက်ရှိလာအောင် ပြုလုပ်ဖန်တီးနေသည်ကို တွေ့မြင်ရသည်။ မကြာမီပင် တိမ်တိုက်အစသည် ပြန်ဆက်သွားပြီးလျှင် ထိုအကြား အပေါက်ကို တစ်သားတည်းဖြစ်အောင် ဖုံးအုပ်ထားလိုက်ပြန်သည်။ သီရိနာဂအတွက်မှာမူ ငြိမ်နေသော စိတ်ကူးယဉ်မိုးတိမ်နောက်ခံကားတွင် စေတီတော်အထွတ်က ရွေ့လျားနေသည်ဟူ၍ ထင်ယောင်ထင်မှားဖြစ်လာသည်။

မိမိ၏ နှလုံးသားလည်း မိုးတိမ်ကဲ့သို့ ပေါ့ပါးလာသည်ဟူ၍ သီရိနာဂ တစ်ခဏမျှ ထင်မှတ်သွားသည်။

"ရှင်နဲ့ ကျွန်မကြိုက်တဲ့ သူရိယရွက်ဖျော်ရည်နှင့် ကြံသကာ ယူ

mgyoe.com

mgyoe.com

လာခဲ့တယ်။ မအေးခင် သောက်လိုက်ပါလား" သူရိယရွက်ဖျော်ရည် ယူလာသော ခေမာက ပြောလိုက်သည်။

သိရိနာဂသည် ဖျော်ရည်ခွက်ကို မယူသေးပေ။ ပြတင်းပေါက်တွင် ခဏရပ်နေပြီးသည့်နောက်မှ ခေမာ၏အနီးသို့ လျှောက်သွားသည်။ အိပ်ရာပေါ်တွင်ထိုင်လျက် သိရိနာဂသည် သူရိယရွက်ဖျော်ရည်ကို ယူပြီးလျှင် တစ်ကျိုက်သောက်လိုက်သည်။ ထိုအတောအတွင်း ပြတင်းပေါက်က တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။ ထိုနေရာမှ စေတီတော်အထွတ်ကို မြင်ရသလားဟူ၍ လှမ်းမျှော်ကြည့်လိုက်ခြင်းဖြစ်သည်။

"ရှင်တစ်ခုခုကို မြင်နေရတယ်ထင်တယ်"

"မိုးတိမ်၊ ကောင်းကင်ပြာ၊ ရေကြက်၊ အဲဒါတွေမှတစ်ပါး တခြားဘာမှ ထူးထူးခြားခြားမမြင်ရပါဘူး။ ဒါပေမဲ့ အဲဒီစေတီတော်ရဲ့ရှေ့မှာ မိုးတိမ်လို သက်မဲ့ အရာဝတ္ထုတွေကလည်း သက်ရှိအရာဝတ္ထုတွေလို ပြုမူနေကြတယ်။ ကျုပ်စိတ်နှလုံး အတော်ကလေး ပေါ့ပါးနေတယ်လို့ ထင်ရတယ်"

"ကျွန်မ ဝမ်းသာပါတယ်၊ ရှင်အခု ပြောတဲ့စကားကို ထောက်ရင် ရှင်ဟာ ပင်ကိုသဘာဝအရ ကိုယ်ချင်းစာနာ ငဲ့ညှာ ထောက်ထားမှုရှိတဲ့ နှလုံးသားပိုင်ရှင်ဆိုတာ သိရတယ်" ခေမာလည်း သူ့ယောကျ်ားအနီးတွင် ထိုင်လိုက်သည်။

"ကျွန်မ ရှင့်ကို ပြောစရာအကြောင်း တစ်ခုရှိနေတယ်" ခေမာက စကားစသည် "ပြတင်းပေါက်က လှမ်းမြင်ရတဲ့ စေတီတော်က ထီးတော်အကြောင်းလည်း မဟုတ်ဘူး၊ တိမ်ဖြူလွလွကလေးတွေ အကြောင်းလည်း မဟုတ်ဘူး၊ ကျွန်မပြောချင်တာက ကျွန်မတို့ အိမ်ဖော်မကလေးအကြောင်း ဖြစ်တယ်။ ရှင် ဘယ်လိုသဘောရသလဲ"

သိရိနာဂက ထိုမေးခွန်း၏ အနက်အဓိပ္ပာယ်ကို နားမလည်ပေ။ သူ့ဇနီးကို ကြောင်ကြည့်နေသောအခါ ခေမာက ရှင်းပြသည်။

"ဒတ္တာဟာ ရုပ်ရည် သနားကမား မိန်းကလေးတစ်ယောက် ဖြစ်တယ်။ ဖူးစပွင့်စ အပျိုဘဝလည်း ရောက်လာပြီ"

"ဟုတ်တယ်။ ကျုပ် အဲဒါကို သတိထားမိတာ တော်တော်ကလေး

mgyoe.com

mgyoe.com
ကြာပြီ။ ကျုပ် သူ့ကို ကြည့်လိုက်တဲ့အခါ သူရောင်ရောင်ပြေးတာ နှစ်ကြိမ် ရှိပြီဆိုတာ ကျုပ်သတိရနေတယ်။ ခေမာက ဒတ္တာနှင့် ပတ်သက်ပြီး ဘာပြော ချင်လို့လဲ"

"ရှင်နှင့် ကျွန်မလို ဒတ္တာလည်းပဲ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်တယ်။ ကျွန်မတို့ ပျိုရွယ်စဉ်က တွေးတောခံစားမှု ရှိသလို သူလည်းပဲ အခု တွေးတောခံစားမှု ရှိတာပဲ"

သီရိနာဂက ပြုံးဖြီးဖြီးနှင့် ခေမာကို လက်ညှိုးထိုးပြီး ပြောလိုက် သည်။

"မှန်တယ်။ ကျုပ်တို့ ပျိုရွယ်စဉ်က တွေးတောခံစားမှုမျိုး အခု လည်း ရှိနေတယ်ဆိုရင် ဒတ္တာအနေနှင့် ဘယ်လောက်ပိုပြီး ရှိမလဲဆိုတာ တွေးကြည့်လို့ရပါတယ်။ ဒတ္တာဟာ သူ့အာသာဆန္ဒကို ဖိနှိပ်ချိုးနှိမ်ပြီး အင်မတန်ကျိုးနွံတဲ့ ကျွန်မတစ်ယောက်လို ကျုပ်တို့ကို မခိုမကပ်ဘဲနှင့် ပြုစု လုပ်ကျွေးနေတယ်ဆိုတာတော့ အမှန်တကယ်ဖြစ်တယ်။ ဒါပေမဲ့ အဲဒီ အာသာဆန္ဒတွေ ဖိတ်လျှံလာပြီး သူ့အနေနှင့် မျက်ရည်နှင့် မျက်ခွက် လုပ်နေ ရတဲ့အချိန်လည်း မရှိဘဲနေမှာ မဟုတ်ဘူး"

သီရိနာဂ တစ်ဖန်ပြုံးလိုက်ပြန်သည်။ သူ၏ဇနီးက သူ့ကို ဒတ္တာ တို့လို ကျွန်မတွေကို ထားဖို့ မိန်းမဆောင်သပ်သပ် စီစဉ်ဖန်တီးပေးဖို့ အကြံ များပေးမည်လားဟု အစပထမက တွေးကြည့်မိသေးသည်။ သို့သော်လည်း ထိုမေးခွန်းကို မမေးဖြစ်ပေ။ ယင်းသို့ မမေးခြင်းမှာ ယေဘုယျအားဖြင့် မိန်းမများနှင့် ပတ်သက်၍ သူ၏အမြင်မကြည်မှုကြောင့်ဖြစ်သည်။

ခေမာက ပြောပြသည်။ "ဒတ္တာအတွက် သင့်လျော်တဲ့ယောကျ်ား တစ်ယောက် ရှာပေးဖို့ဟာ ကျွန်မတို့ တာဝန်ဝတ္တရားဖြစ်တယ်။ အဲဒီလို မလုပ်ရင် ကျွန်မတို့ အပြစ်ဖြစ်နေလိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနှင့် ကျွန်မတို့ဟာ လူသားချင်း စာနာထောက်ထားမှု မပြုဘဲနေလို့ ဖြစ်ပါ့မလား"

သီရိနာဂက ဆင်ဖေ့ ရန်ရှောင်လုပ်နေသည်။

"ဒတ္တာက ကျုပ်ဝယ်ထားတဲ့ ကျွန်မတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူက အခု မင်းအစေအပါးဖြစ်နေပြီ။ ကျုပ်ကိုယ်တိုင် သူ့အတွက် ယောကျ်ား ရှာမပေးနိုင်ပေမယ့် မင်းပေးတဲ့အကြံကိုတော့ ကျုပ်မကန့်ကွက်ပါဘူး။ မင်း
mgyoe.com

mgyoe.com

အခုလို လူသားစိတ်ရှိတာ ကျုပ်ဝမ်းသာပါတယ်။ သင်္ဃဒတ္တတို့ဆီမှာ ယောကျ်ားအစေခံတွေ အများကြီးရှိတယ်။ သင်္ဃဒတ္တ ကျုပ်တို့ ဆီလာတဲ့ အခါ အဲဒီအကြောင်း စကားစပ်ကြည့်ပါလား"

ဒတ္တာသည် ပန်းစီးတစ်စီးကို သူ့ရင်ဘတ်နှင့် ကပ်ကိုင်ပြီးလျှင် သူ့သခင်မ၏ တံခါးဝ၌ ရပ်စောင့်နေသည်။ ထိုအခိုက် သူ့ဆီလျှောက် လာသော ဘုရင့်သားတော်ကို တွေ့မြင်ရသည်ဖြစ်၍ လန့်သွားပြီးလျှင် မျက်စိ မှိတ်လျက် ထိုင်ချလိုက်ပြီးလျှင် ဦးခေါင်းငုံ့ထားလိုက်သည်။ ရင်ခုန်သံသည် မြန်နေသည်။ သူ၏အနီးတွင် ဘုရင့်သားတော် ဖြတ်လျှောက်သွားသည့် အခြားအချိန်များကထက်ပင် ရင်ခုန်သံမြန်နေသည်။

သီရိနာဂသည် မိန်းကလေးအား ထူမပြီး အကြောက်ပြေသွား အောင်လုပ်မည်ဟု စဉ်းစားလိုက်သည်။ သို့ရာတွင် မိန်းကလေးကို ကိုင်၍ တော်မှတော်ပါမည်လားဟု စဉ်းစားမိပြန်သည်။ မိန်းကလေးကိုမူ အမှန် တကယ်ပင် ကြင်နာစိတ်ထားသည်။ ဒတ္တာတွင် သဘာဝ၌ တွေ့ရသော ရိုးသားမှု ရှိသည်ဟု သီရိနာဂ တွေးမိသည်။

ပျော့ပျော့ပျောင်းပျောင်းပင် ပြောလိုက်သည်။

"ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ ထလေ"

ဒတ္တာ၏ခြေထောက်သည် ခနော်ခနဲ့ဖြစ်နေသည်။ ကြိုးစား ထသော်လည်း ထ၍မရဖြစ်နေသည်။ သီရိနာဂက ဒတ္တာ၏ ပခုံးကို မပြီး အထခိုင်းလိုက်သည်။ မိန်းကလေးသည် ဆူးတွေကြားထဲတွင် ပုန်းကွယ် နေသော ပန်းဖူး ပန်းငုံနှင့်တူနေသည်။ ခြုံထားသော ရောစောင်သည် ပခုံး တစ်ဖက်မှ လျှောကျသွားသည်။ သီရိနာဂ စိတ်ထိခိုက်သွားသည်။ မိန်း ကလေး၏ ပခုံးကို မထားသောလက်ကို လွှတ်လိုက်ပြီးလျှင် သီရိနာဂသည် နောက်ကြောင်း ပြန်မကြည့်တော့ဘဲ သူ့အခန်းသို့ တန်းလျှောက်သွားသည်။

□

mgyoe.com

mgyoe.com

# အခန်း (၅)

သုမေဓာသည် သူ၏ လင်ယောကျ်ားကို သက်ာမကင်း ဖြစ်လာသည်။ သူ့ယောကျ်ားသည် မိမိအလုပ်များကို လှည့်မကြည့်ဘဲ ခေမာအတွက် ဒိန်ချဉ်ကောင်းကောင်း ရဖို့ရန်အတွက် တိဿဝတစ်မြို့လုံးတွင် ရှာဖွေသည်။ ဂုတ္တဟာလ၌နေသော သူ၏ညီတော်မောင်က သူ့ဆီ အလျင်အမြန်လာဖို့ ပြောသည်ကိုပင် အလေးမပြု ဂရုမထားပေ။ သဃ်ဒတ္တသည် ဒိန်ချဉ်ကို ရပြီးမှ ဂုတ္တဟာလသို့ သွားမည်ဟု သုမေဓာကို ပြောထားသည်။ ဒိန်ချဉ်နာမည်ကြီးသော နေရာမှာ ကဇရဂါမ ဖြစ်သည်။ တိဿဝမှ ကဇရဂါမသို့ ဒိန်ချဉ်သယ်ဆောင်သွားမည့် သဃ်ဒတ္တ၏အကြံသည် သူ့ဇနီးသုမေဓာအတွက် မယုံသက်ာဖြစ်စရာအကြောင်း ဖြစ်လာသည်။ သဃ်ဒတ္တသည် သူ၏အိမ်ဖော် ဒတ္တိလကိုစေလွှတ်၍ရသည်။ ဒိန်ချဉ်ကို ကိုယ်တိုင်ရှာဖွေသည့်အလုပ်လုပ်ခြင်းမှာ ခေမာအပေါ် သံယောဇဉ်တွယ်တာနေသည့်အတွက်ကြောင့် ဖြစ်ရမည်ဟူ၍ သုမေဓာက တွက်သည်။ သဃ်ဒတ္တသည် သူ့ဇနီး သုမေဓာအတွက်ဆိုလျှင် ယခုလောက် ဒုက္ခမခံပေ။ ခေမာက သူ့ယောကျ်ား သဃ်ဒတ္တအပေါ်ထားသည့် သဘောထားလည်း ရိုးသားမှု ရှိပါ့ရှိပါမည်လားဟူ၍ သုမေဓာ စိတ်စနိုးစနောင့်ဖြစ်နေသည်။ ခေမာသည်

mgyoe.com